မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၀၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပသည့် မဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ၏ တတိယအကြိမ် အစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၄၄/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ် (၄၄/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၄၄/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းရွှေအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့အရ မိမိသဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နှစ်(၃၀) အမျိုးသားသစ်တောစီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိ

နိုင်ငံတစ်ဝန်းတွင် သစ်တောစိုက်ခင်း ဟက်တာ ငါးသိန်းကျော် စိုက်ပျိုးထား

နေပြည်တော် ဩဂုတ် ၁

မဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ၏ တတိယအကြိမ်အစည်းအဝေးကို ဇူလိုင် ၂၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများမှ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ မဲခေါင် ဒေသခွဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန၊ ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်နိုင်ငံ/အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် ဖနွမ်းပင်မြို့ရှိ Peace Palace အဆောက်အအုံ၌ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အခွင့်အလမ်း

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ၊ လုပ်ငန်းစဉ်နှင့် ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအမျိုးသားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် အစိမ်းရောင် စီးပွားရေးလုပ်ငန်းများဆိုင်ရာ မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် အလုပ်အကိုင်များကို စနစ်တကျ ချဉ်းကပ်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ လမ်းဖွင့်ပေးရန် ရည်ရွယ်ထားကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်ထိန်းသိမ်းရေးကို အလေးထားမည်ဖြစ်သကဲ့သို့ လေထုနှင့် ရေထုညစ်ညမ်းမှုများ လျှော့ချရေး၊ စက်ရုံသုံး စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံမှ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။ *စာမျက်နှာ ၃ ကော်လံ ၁* ■

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ယင်းမာပင်၌ ကျင်းပ။ (စာ - ၂)

ပင်လယ်ကြမ်းပြင်အောက်သို့ တူးဖော်ပြီး ငလျှင်ငြိမ်များကို လေ့လာမည်။ (စာ - ၄)



တရုတ်ဖောက်စ်ကွန်ကုမ္ပဏီ စက်ရုပ်လုပ်သား တစ်သန်း အစားထိုးမည်။ (စာ - ၄)

သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း ဩောင်ဦး၌ သရုပ်ပြပွဲကျင်းပ။ (စာ - ၁၁)

ကမ္ဘာကျော် အဆိုတော် အေဗရယ်လာဗင်း၏ ဂီတကမ္ဘာ။ (စာ - ၁၀)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၂ ရက်)

ကာယ၊ ဉာဏနှင့် စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ရင်သွေးငယ်များအား အာဟာရပြည့်ဝစွာ ဖြည့်ဆည်းပေး

နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပေသည်။ နိုင်ငံတော်အစိုးရက ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို နယ်စပ်ဒေသများပါမကျန် လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၁ ခုနှစ် ဩဂုတ်လကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်ထားရာ ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားသည်။

အာဟာရဖွံ့ဖြိုးရေးအဖြစ် မွေးစမှကလေးအသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးများကို ဗီတာမင်အေဆေးလုံးတိုက်ရန်၊ အသက်နှစ်နှစ်မှ ငါးနှစ်အောက်ကလေးများနှင့် မူလတန်းအရွယ်ကလေးများကို ခြောက်လတစ်ကြိမ် သန်ချဆေးတိုက်ရန်၊ အမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲရန်၊ ကိုယ်ဝန်သုံးလအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေးတစ်ကြိမ်တိုက်ရန်၊ ကိုယ်ဝန်နောက်ဆုံးလမှ မွေးဖွားပြီးသုံးလအထိ ဗီတာမင်ဘီဝမ်းဆေးပြားတိုက်ကျွေးရန်၊ မိသားစုတိုင်း အိုင်အိုဒင်းဆားကိုစားသုံးရန်နှင့် အသက်အရွယ်မရွေး အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားရန်တို့ဖြစ်ကြသည်။

ဩဂုတ်လတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များသတ်မှတ်ပြီး ဆောင်ရွက်ခြင်းဖြင့် ကလေးငယ်များ၊ မိခင်များ၏ကျန်းမာရေးနှင့် အာဟာရအခြေအနေ ပိုမိုမြင့်မားလာမည်ဖြစ်သည်။ အင်အားပြည့်ဗီတာမင်ဆေးလုံးများတိုက်ကျွေးခြင်း၊ သန်ကောင်ရောဂါကာကွယ်ရေးအတွက် သန်ချဆေးသောက်သုံးခြင်းတို့ဖြင့် ကလေးများခန္ဓာကိုယ်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်စေမည်ဖြစ်ရာ အခြားရောဂါများဝင်ရောက်မှုကို ကြံ့ကြံ့ခံနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ ရင်သွေးငယ်များအာဟာရချို့တဲ့မှုကြောင့် အသက်မဆုံးရှုံးစေရေးနှင့် အာဟာရပြည့်ဝရေးအတွက် ကလေးငယ်များကို စနစ်တကျအစာကျွေးမွေးခြင်းသည် အနာဂတ်အတွက် ကျန်းမာကြံ့ခိုင်သည့် ကာယ၊ ဉာဏနှင့် စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် သားကောင်းရတနာများ ပေါ်ထွန်းရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ယင်းမာပင်၌ ကျင်းပ

ယင်းမာပင် ဩဂုတ် ၁

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၆ နာရီက မုံရွာခရိုင် ယင်းမာပင်မြို့နယ် စုန်းကျင်းကျေးရွာအုပ်စု ပုသိမ်-မုံရွာကားလမ်းဘေးမိုင်တိုင်အမှတ် (၄၄၈/၇ မှ ၄၄၉/၅) တွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုမင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ယူကလစ်ပင် ၁၀၀၀၊ တမာပင် ၅၀၀၊ မန်ကျည်းပင် ၅၀၀၊ ကျွန်းပင် ၆၀၀နှင့် သရက်ပင် ၁၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၄:၂၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၉။ လျှပ်တစ်ပြက်
- ၄:၄၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၀ ၁၁။ အင်္ဂလိပ်စာသုတ
- ၅:၀၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလှိုင်းပြင်** (အပိုင်း-၂၄)
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၆။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း -၄၈)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဒို့တာဝန်အရေးသုံးပါး
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ မွေးမြူသုတ
- ၂၄။ ဟာသရုပ်စုံ
- ၂၅။ သီချင်းလက်ဆောင်
- ၂၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၃၉)
- ၂၈။ **Mini Series**

ဇူလိုင် ၂၈ ရက်က ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး(ဗဟို)ဘဏ္ဍာရေးဌာနခွဲမှ ဦးညီညီအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြောစဉ်။ (ပညာရေး)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် သရက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဇူလိုင် ၂ ရက်၌ မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမြလင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယနိုင်ငံမှ ဧည့်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံ Blue Ocean Global Private Limited, Indore မှ Managing Director Mr.Ajay Shastry နှင့်အဖွဲ့သည် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး (အပေါ်ပုံ) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန၏ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိဝါကြိတ်စက်များအား အဆင့်မြှင့်တင်ရေး၊ ဝါကြိတ်စက်ရုံနှင့် ဆက်စပ်သော ဆီကြိတ်စက်၊ ဆီသန့်စက်များကို BOT (Build Operate and Transfer) စနစ် အခြေခံ၍ တည်ဆောက်ရေးတို့အတွက် နှစ်ဦးနှစ်ဖက် အကျိုးခွဲဝေခံစားခြင်း (Product Sharing) ဖြင့် ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

နိုင်ငံတော်အစိုးရသည် စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို ဟန်ချက်ညီညီ ပေါင်းစည်းဆောင်ရွက်ရန် တိုးချဲ့ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် ကဏ္ဍပေါင်းစုံပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ မြှင့်တင်ပေးရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် နိုင်ငံတော်သမ္မတကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း။

ကော်မတီအနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ဆွေးနွေးမှုရလဒ်များအပေါ် အခြေခံပြီး အမျိုးသားလုပ်ငန်းအစီအစဉ်(၈)ရပ်ကို ရေးဆွဲအကောင်အထည်ဖော်သွားရန်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ်ကိုလည်း အစီအစဉ်တစ်ရပ် အဖြစ်ချမှတ်ထားပြီးဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် သဘာဝသယံဇာတ အရင်းအမြစ်များအပေါ် မှီခိုအားထားမှုလျှော့ပါး ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကဏ္ဍတစ်ရပ်အဖြစ်ပါဝင်ကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံသည် သစ်တောကြိုးဝိုင်းများ၊ ဘေးမဲ့တောများ၊ သဘာဝနယ်မြေများ တည်ထောင်ခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ အပူပိုင်းဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် သစ်တောများ ပြန်လည်တည်ထောင်စိုက်ပျိုးခြင်း အပါအဝင် နှစ်(၃၀) အမျိုးသားသစ်တောစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်းတွင် သစ်တောစိုက်ခင်း ဟက်တာ ငါးသိန်းကျော် တည်ထောင်စိုက်ပျိုးထားပြီးဖြစ်ကြောင်း။

လောင်စာစွမ်းအင်မူဝါဒ

သဘာဝထိန်းသိမ်းနယ်မြေ ၃၆ ခုကိုလည်း သတ်မှတ်ထားပြီး ယင်းအနက် ခြောက်ခုသည် အာဆီယံ အမွေအနှစ် ဥယျာဉ်စာရင်းတွင် ပါဝင်ကြောင်း၊ လူထုလူတန်းစား အလွှာပေါင်းစုံပါဝင်သည့် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်နိုင်ငံလုံးတွင် အပင်မျိုးစုံ ၇၉ သန်းစိုက်ပျိုးရန်အတွက် အမျိုးသားစိမ်းလန်းရေးလုပ်ငန်း အစီအစဉ်ကို ယခုနှစ်တွင် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းအစီအစဉ်အပြင် နှစ်စဉ်ပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်စိုက်ပျိုးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (REED) အတွက် ကနဦးဆောင်ရွက်မှုအစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စွမ်းအင်ဆိုင်ရာ မူဝါဒအနေနှင့် စွမ်းအင်အသစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ကျယ်ပြန့်စွာအသုံးပြုရန်၊ စွမ်းအင်ကို အကျိုးရှိစွာ ထိန်းသိမ်းသုံးစွဲရန်နှင့် ပြည်သူများအနေနှင့် အခြားအစားထိုး အိမ်သုံးလောင်စာများ အသုံးပြုရန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ဆောင်ရေးကဏ္ဍတွင်လည်း ကာဗွန်ထုတ်လွှတ်မှုများ လျှော့ချခြင်းအစီအစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေတိုတွင် ဓာတ်ဆီနှင့်ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ကို ပြောင်းလဲအသုံးပြုရန်နှင့် ရေရှည်တွင် ဇီဝလောင်စာများကို အစားထိုးအသုံးပြုသွားရန်တို့ ပါဝင်သည့် အမျိုးသား ပိုမိုသန့်စင်သော လောင်စာစွမ်းအင်မူဝါဒကို ချမှတ်ထားပြီးဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအတွက် မြန်မာနိုင်ငံ၏ ကနဦး အမျိုးသားအစီရင်ခံစာအရ ၂၀၀၀ ပြည့်နှစ်ကို အခြေခံသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် ညီမျှသည့် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုသည် တန်ချိန် ၇၄ သန်းနှင့် သစ်တောကဏ္ဍက ကာဗွန်စုပ်ယူထိန်းသိမ်းထားမှုသည် ၁၄၂ သန်းခန့် ရှိကြောင်း ဖော်ပြထားသည်နှင့်အညီ ကာဗွန်ထုတ်လွှတ်မှုအပေါ် ပြန်လည်စုပ်ယူထိန်းသိမ်းမှုကောင်းသည့် နိုင်ငံဖြစ်ကြောင်း၊ သဘာဝသယံဇာတအရင်းအမြစ်များနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် မဲခေါင်ဒေသ ပတ်ဝန်းကျင်ရေရှည်စီမံခန့်ခွဲမှုနှင့် သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေးကို မြှင့်တင်နိုင်မှုအတွက် ဒေသတွင်း နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်ဒေသခွဲတွင် ဇီဝမျိုးစုံ/မျိုးကွဲ ထိန်းသိမ်းရေးနှင့် သစ်တောနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းကာကွယ်ရေးကို ဦးတည်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်တွင် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့် "မဲခေါင်ဒေသပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံ/မျိုးကွဲ ထိန်းသိမ်းရေးနယ်မြေ တည်ထောင်ခြင်း လုပ်ငန်းအစီအစဉ်"တွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် မဲခေါင်ဒေသခွဲနိုင်ငံများမှ ကိုယ်စားလှယ်များက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံ/ မျိုးကွဲထိန်းသိမ်းရေး နယ်မြေတည်ထောင်ခြင်း လုပ်ငန်းအစီအစဉ်နှင့် ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြရာတွင် မြန်မာနိုင်ငံကိုယ်စားလှယ်က "မဲခေါင်ဒေသခွဲတွင် ရေရှည်တည်တံ့စေမည့် မြေအသုံးချမှုစီမံခန့်ခွဲမှု" ဆိုင်ရာစာတမ်းကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မဲခေါင်ဒေသခွဲဖွံ့ဖြိုးမှုမိတ်ဖက်/ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မဲခေါင်ဒေသပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံ/ မျိုးကွဲထိန်းသိမ်းရေးနယ်မြေတည်ထောင်ခြင်း လုပ်ငန်းအစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဝန်ကြီးများက မဲခေါင်ဒေသခွဲပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများ၏ တတိယအကြိမ် အစည်းအဝေးပူးတွဲကြေညာချက်ကို အတည်ပြုထုတ်ပြန်ပြီး ညနေ ၃ နာရီခွဲတွင် အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရပ်ကွက်/ကျေးရွာအတွင်း အမှန်တကယ် အရင်းအနှီး လိုအပ်သူများအား

အောက်ခြေအထိဆင်း၍ စေတနာ မှန်ကန်စွာ ကူညီဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းနှင့် သန်လျင်၊ ကျောက်တန်း၊ သုံးခွနှင့် ခရမ်းမြို့နယ် အုပ်ချုပ်ရေးမှူးများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နိုင်ရေးအတွက် မတည်ရင်းနှီးငွေများရရှိမှု၊ ရင်းနှီးငွေရယူလိုသည့် လယ်သမားများနှင့် လက်လုပ်လက်စားများအပေါ် စိစစ်ဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ထွန်းဦးက ဖြည့်စွက်တင်ပြသည်။

ကူညီဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က အမှာစကားပြောကြားရာတွင် ဒေသများရှိ အရင်းအနှီး လိုအပ်နေသေးသည့် တောင်သူလယ်သမားများ၊ နွမ်းပါးသူများအတွက် လိုအပ်သည့် အရင်းအနှီးများ ချေးယူနိုင်ရန် အသေးစားပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများကို စိတ်တူကိုယ်တူရှိသော လုပ်ငန်းရှင်များနှင့် အရင်းအနှီး လိုအပ်သူများ ကိုယ်တိုင် ထည့်ဝင်နိုင်သည့် စုငွေများ ထည့်ဝင်မတည်ရင်းနှီးပြီး အရင်း အနှီး လိုအပ်သူများအား ငါးဦးလျှင် တစ်ယောက်နှုန်း ဝိုင်းကြီးချုပ်စနစ်ဖြင့် သင့်လျော်သည့် အရင်းအနှီးများ ထုတ်ချေးရန်ဖြစ်ကြောင်း၊ မည်သည့် ပုဂ္ဂိုလ်မဆို စိတ်ရင်းစေတနာမှန်စွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ကြောင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအတွင်း အမှန်တကယ် အရင်းအနှီးလိုအပ်သူများအား အောက်ခြေအထိဆင်းပြီး စေတနာဖြင့် မှန်မှန်ကန်ကန် ကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့နယ်(၁၃)မြို့နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ စက်မှုဇုန်များမှ လုပ်ငန်းရှင်များနှင့် ညနေ ၃နာရီတွင် တွေ့ဆုံပြီး အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ထူထောင်ရေးအတွက် မတည်ရင်းနှီးငွေများရရှိမှု၊ ရင်းနှီးငွေ ရယူလိုသည့် တောင်သူလယ်သမားများနှင့် လက်လုပ်လက်စားများ အခြေအနေတို့ကို ဆွေးနွေးညှိနှိုင်း ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သန်လျင်မြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ်ဂုဏ်ဆောင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၁

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်အတွင်း ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ပြည်နယ်ဂုဏ်ဆောင် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ်ဦးအုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** မွန်ပြည်နယ်အနေဖြင့် ပညာရေးကဏ္ဍတွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ လေးနှစ်ဆက်တိုက် မြန်မာတစ်နိုင်ငံလုံး အောင်ချက်အကောင်းဆုံး (ပထမဆု)ကို ဆွတ်ခူးရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ လာမည့်နှစ်တွင် ယခုကဲ့သို့ အောင်မြင်မှုရရှိအောင် ဆက်လက်ကြိုးပမ်း အားထုတ်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာလှဦးက အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးမြင့်ဆွေက ၂၀၁၁ ခုနှစ် မွန်ပြည်နယ် ဂုဏ်ဆောင် ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ခြောက်ဘာသာဂုဏ်ထူးရရှိကြသည့် ကျောင်းသား ကျောင်းသူ ငါးဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မွန်ပြည်နယ်အတွင်း အောင်ချက်အကောင်းဆုံးဆုရ မြို့နယ်သုံးမြို့နယ်အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေကလည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၁၀ ဦးနှင့် လေးဘာသာဂုဏ်ထူးရရှိသူ ၆၅ ဦးတို့အား ပြည်နယ်ဝန်ကြီးများကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ခြောက်ဘာသာဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့ကြသော ကျောင်း ငါးကျောင်းမှ ဆရာ ဆရာမများအား ပြည်နယ်ပညာရေးမှူးက ဝတ်စုံစရိတ်များ ထောက်ပံ့ပေးအပ်ပြီး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာတွင် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၁၁ ခုနှစ် မွန်ပြည်နယ်ဂုဏ်ဆောင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ စုစုပေါင်း ငွေကျပ် ၂၄၉ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီကောက်စိုက်သရုပ်ပြပွဲ နမ့်ခမ်းမြို့နယ်၌ ကျင်းပ

နမ့်ခမ်း ဩဂုတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်၌ ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီတွင် တောင်သူ ဦးဘအေး၏ လယ်ကွက်၌ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီ ကောက်စိုက်သရုပ်ပြပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသန်းငွေက လယ်/ ယာမြေစိုက်ပျိုးမြေ စိုက်ပျိုးရန် မြေပြင်ခြင်းနှင့် စပါးသီးနှံစိုက်ပျိုးရန် အထူးအထွက်တိုး နည်းစနစ် (၁၄)ချက်နှင့်အညီ ကောက်စိုက်ခြင်းအားလက်တွေ့သရုပ်ပြရှင်းလင်းခဲ့သည်။ ယင်းနောက် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက ကောက်စိုက်လုံမေများအား ဂုဏ်ပြုဆုချီးမြှင့်ပေးပြီး ကောက်စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးခဲ့သည်။ **(ဝဲပုံ)**

အခမ်းအနားသို့ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်သူများစုစုပေါင်းအင်အား၂၀၀ တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တရုတ်ဖောက်စ်ကွန်ကုမ္ပဏီ စက်ရုပ်လုပ်သားတစ်သန်းအစားထိုးမည်



ရှန်ကျင်း ဩဂုတ် ၁

တရုတ်(တိုင်ပေ)ဖောက်စ်ကွန် နည်းပညာကုမ္ပဏီသည် လာမည့်သုံးနှစ် အတွင်း လက်ရှိအလုပ်သမားများနေရာ၌ စက်ရုပ်လုပ်သားတစ်သန်းပြည့်အောင် ထပ်မံအစားထိုးတာဝန်ပေးတော့မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီဥက္ကဋ္ဌ တယ်ရီဂူက ဇူလိုင် ၃၁ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။ **(ယာပုံ)**

အလုပ်သမားများ၏ လုပ်ခပေးရမှုကိုလျှော့ချရန်နှင့် အချိန်တိုအတွင်း အလုပ်များစွာပြီးမြောက်စေရန်အတွက် စက်ရုပ်များနှင့်အစားထိုးခြင်းဖြစ်ကြောင်း၊ စက်ပစ္စည်း အစိတ်အပိုင်းများတပ်ဆင်ခြင်း၊ ဂဟေဆော်ခြင်းနှင့် ဆေးမှုတ်ခြင်းအစရှိသည့် ပုံမှန်အလုပ်များနှင့် လွယ်ကူရှင်းလင်းသောအလုပ်များကို စက်ရုပ်များဖြင့် အစားထိုးပြုလုပ်စေမည်ဖြစ်ကြောင်း မစ္စတာတယ်ရီဂူက ဇူလိုင် ၃၁ ရက်၌ ပြောကြားသည်။

ယင်းကုမ္ပဏီ၌ လောလောဆယ်တွင် စက်ရုပ်လုပ်သား ၁၀၀၀၀ ခန့်လုပ်ငန်းခွင်တွင် လုပ်ကိုင်နေပြီး လာမည့်နှစ်၌ စက်ရုပ်လုပ်သား ၃၀၀၀၀၀ အထိ တိုးမြှင့်တာဝန်ပေးသွားမည်ဖြစ်သည်။ ဖောက်စ်ကွန်ကုမ္ပဏီသည် အက်ပဲလ်၊ ဆိုနီနှင့်နိုကီရာ ကုမ္ပဏီများအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ထုတ်ကုန်များထုတ်လုပ်ပေးနေသော ကမ္ဘာ့အကြီးဆုံးကုမ္ပဏီလည်းဖြစ်သည်။ အဆိုပါကုမ္ပဏီတွင် လက်ရှိ၌ အလုပ်သမားဦးရေ စုစုပေါင်း ၁ ဒသမ ၂ သန်းရှိနေပြီး တရုတ်ပြည်မကြီးမှ အလုပ်သမားတစ်သန်းခန့် အလုပ်လုပ်နေကြောင်း သိရသည်။ **(အင်တာနက်)**

မက္ကဆီကို၌ လူ ၁၅၀၀ သေဆုံးခဲ့မှု ကြိုးကိုင်ခဲ့သူအားဖမ်းဆီး

မက္ကဆီကိုစီးတီး ဩဂုတ် ၁

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ချီဟွာဟွာပြည်နယ်တွင် ဒေသခံ ၁၅၀၀ အား သတ်ဖြတ်ရန်အမိန့်ပေးစေခိုင်းခဲ့သူဟု သံသယရှိသည့် မူးယစ်ဂိုဏ်းခေါင်းဆောင်တစ်ဦးအား ဇူလိုင် ၃၁ ရက်က ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၁ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

အသက် ၃၃ နှစ်အရွယ် ဂျို့အင်န်တိုနီရိုအေကော်စတာဟာနန်ဒက်ဇ်အမည်ရှိ ၎င်းမူးယစ်ဂိုဏ်းခေါင်းဆောင်သည် မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ချူဒက်ဂျူရာရက်ဇ်မြို့၌ ပြီးခဲ့သည့်နှစ်က အမေရိကန်ကောင်စစ်ဝန်ရုံးမှ အမျိုးသမီးဝန်ထမ်းတစ်ဦးနှင့် ၎င်း၏ခင်ပွန်းဖြစ်သူကို တိုက်ခိုက်ခဲ့ရာ၌ စီစဉ်ညွှန်ကြားခဲ့သူဟု သံသယရှိသူတစ်ဦးလည်းဖြစ်သည်။

မစ္စတာ အေကော်စတာဟာနန်ဒက်ဇ်သည် ချူဒက်ဂျူရာရက်ဇ်မြို့ရှိ မူးယစ်ဂိုဏ်းများ၌ အဓိကအကျဆုံး ခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည်။ ဂျူရာရက်ဇ်မြို့သည် မက္ကဆီကိုနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုအဖြစ်ပွားဆုံးမြို့ ဖြစ်ပြီး ၂၀၁၀ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပြည်သူ ၃၀၀၀ ကျော် သေဆုံးခဲ့ရသည်။

အေကော်စတာဟာနန်ဒက်ဇ်သည် အီလ်ဒိုင်ဂိုဟုလည်း လူသိများသူဖြစ်ပြီး ဂျူရာရက်ဇ်မြို့တွင် ကြေးစားလူသတ်သမားများဖြင့် ဖွဲ့စည်းထားသောလာလိန်းရာဂိုဏ်း၏ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၎င်းဂိုဏ်းသည် အမေရိကန်နိုင်ငံသို့ ချူဒက်ဇ်ဂျူရာရက်ဇ်မြို့မှ မူးယစ်ဆေးဝါးများ မှောင်ခိုတင်သွင်းရာ လမ်းကြောင်းအချို့ကို ထိန်းချုပ်သည့် ဂိုဏ်းလည်းဖြစ်သည်။

ကြိုးကိုင်ခဲ့

ဟာနန်ဒက်ဇ်သည် ချူဒက်ဂျူရာရက်ဇ်မြို့တွင် မကြာမီက လူလေးဦးသေဆုံးရသည့် ကားဗုံးခွဲတိုက်ခိုက်မှုနှင့် ပါတီပွဲတစ်ရပ်၌ လူငယ် ၁၅ ဦး သေဆုံးခဲ့ရသည့် တိုက်ခိုက်မှုတို့တွင် နောက်ကွယ်မှ ကြိုးကိုင်ခဲ့သူတစ်ဦးဖြစ်ကြောင်း မက္ကဆီကိုနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့အကြီးအကဲ ရာမွန်ပီကွိုနီက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးခိုင် – စုစည်းသည်

တောင်ကိုရီးယား၌ အပူလှိုင်းရိုက်ခတ်

ဆိုးလ် ဩဂုတ် ၁

တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်နေဆဲဖြစ်ပြီး ရေကြီးမှုများ ကြုံတွေ့ခံစားရနေစဉ်မှာပင် နိုင်ငံ၏တောင်ဘက်ပိုင်းတွင် အပူလှိုင်း ကျရောက်လာကြောင်း ဩဂုတ် ၁ ရက်က အင်တာနက်သတင်းတွင်ဖော်ပြသည်။ မြို့တော်ဆိုးလ် အပါအဝင် နိုင်ငံအလယ်ပိုင်းတွင် မိုးသည်းထန်သည့်ဒဏ် ခံစားနေရဆဲဖြစ်ပြီး အဆိုပါဒေသတွင် မုန်တိုင်းတိုက်ခတ်နိုင်ကြောင်း အရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထားရကြောင်း သိရှိရသည်။ *(အင်တာနက်)*

အင်ဒိုနီးရှားတွင် ကားတစ်စီး တိုက်ခိုက်ခံရ

ဂျကာတာ ဩဂုတ် ၁

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါခရိုင်၏ ခရိုင်ခွဲ အဘီပူရာရှိ နာဖာရီကျေးရွာ၌ ဒေသစံတော်ချိန် ဩဂုတ် ၁ ရက် နံနက် ၃ နာရီ ၁၅ မိနစ်က လက်နက်ကိုင်အချို့ ကားတစ်စီးကို တိုက်ခိုက်ခဲ့ရာ လေးဦးသေဆုံးပြီး ကျန်သူများမှာ ဒဏ်ရာများရရှိခဲ့သည်။ ယင်းလက်နက်ကိုင်တို့သည် ပြောင်းရှည်ရိုင်ဖယ်များ၊ ဓားရှည်များ၊ ပုဆိန်များဖြင့် ကားပေါ်ရှိလူများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး နံနက် ၄ နာရီခန့်ရောက်မှ တိုက်ပွဲပြီးခဲ့ကြောင်း သိရသည်။ ***(အင်တာနက်)***

ပါကစ္စတန်တောင်ပိုင်း၌ ဟိုတယ်တစ်လုံး ဗုံးခွဲခံရ

အစ္စလမ္မာဘတ် ဩဂုတ် ၁

ပါကစ္စတန်တောင်ပိုင်း လာစဘဲလ်လာခရိုင်အတွင်းရှိ ဟုဘ်မြို့မှ ဟိုတယ်အတွင်းသို့ ဇူလိုင် ၃၁ ရက်က လက်ပစ်ဗုံးတစ်လုံးပစ်သွင်းဖောက်ခွဲခဲ့မှု ဖြစ်ပွားခဲ့သည်။ ယင်းတိုက်ခိုက်မှုတွင် တစ်ဦးသေဆုံးကာ ရှစ်ဦးဒဏ်ရာရခဲ့ကြောင်း၊ မွန်းလွဲ ၁ နာရီ မိနစ်၂၀ ခန့်က ဖြစ်ပွားခြင်းဖြစ်ပြီး ဗုံးခွဲတိုက်ခိုက်သူများမှာ ထွက်ပြေးသွားကြကြောင်း သိရသည်။ *အမ်အင်န်အေ၊ဆင်ဟွာ*

အယ်လ်ဆာဗေဒိုး၌ ဘတ်စ်ကားမှောက်

ဆန်ဆဲလ်ဗာဒို ဩဂုတ် ၁

အယ်လ်ဆာဗေဒိုနိုင်ငံ လာပါဇ်ပြည်နယ်အတွင်း၌ ဇူလိုင် ၃၁ ရက် နံနက်အစောပိုင်းက ခရီးသည်တင်ဘတ်စ်ကားတစ်စီးသည် လမ်းကွေ့တစ်နေရာအရောက် ဘရိတ်ပေါက်သဖြင့် မြောင်းကြီးတစ်ခုအတွင်းသို့ တိမ်းမှောက်ခဲ့ရာ ၁၃ ဦး သေဆုံးပြီး ၃၀ ဒဏ်ရာရခဲ့သည်။ ***(အင်တာနက်)***

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

အိန္ဒိယ၌ ရထားနှစ်စင်း တိုက် သုံးဦးသေဆုံး

နယူးဒေလီ ဩဂုတ် ၁

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလီပြည်နယ်တွင် ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းက ရထားနှစ်စင်းတိုက်မှုဖြစ်ပွားခဲ့ရာ ခရီးသည် သုံးဦးသေဆုံးခဲ့ပြီး ၅၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယ ရဲတပ်ဖွဲ့က ဩဂုတ် ၁ ရက်၌ ပြောကြားသည်။ *(ယာပုံ)*

ဖြစ်ပွား

ဖြစ်စဉ်မှာ အိန္ဒိယနိုင်ငံ ဂူဝါဟာတီမြို့မှ မောင်းနှင်လာသော အထူးရထားတစ်စင်းနှင့် အခြားခရီးသည်တင်ရထားတစ်စင်းတို့ ကိုလ်ကတ္တားမြို့ မြောက်ဘက် ၃၄၇ ကီလိုမီတာအကွာ မာလ်ဒါခရိုင်အတွင်း တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မတော်တဆတိုက်မှုဖြစ်ပွားရခြင်းမှာ ဂူဝါဟာတီမှ ဘန်ဂလောမြို့သို့ မောင်းနှင်လာသော အထူးရထားမှ အင်ဂျင်ချွတ်ယွင်းမှုကြောင့် ရပ်ထားစဉ် ဇူလိုင် ၃၁ ရက် ဒေသစံတော်ချိန် ၁၉ နာရီ ၀၅ မိနစ်၌ ခရီးသည်တင်ရထားက ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ထိုသို့ ရထားတိုက်မှုကြောင့် ၎င်းရထားလမ်းပေါ်မှ ရထားတွဲများကို ဖယ်ရှားနေရသဖြင့် ယင်းရထားလမ်းကြောင်းပေါ်တွင် ပြေးဆွဲနေသည့် ရထားခရီးစဉ်အချို့ ရပ်ဆိုင်းထားရကြောင်း သိရသည်။ *(အင်တာနက်)*

အမေရိကန်ဝေဟင်၌ လေယာဉ်နှစ်စင်းတိုက်မိ

ဆန်ဖရန်စစ္စကို ဩဂုတ် ၁

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်တွင် ဇူလိုင် ၃၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီ ၁၄မိနစ်ခန့်က ဝေဟင်၌ လေယာဉ်နှစ်စင်းတိုက်မိခဲ့ရာ လေးဦးသေဆုံးခဲ့ကြောင်း အမေရိကန်အရာရှိများက ဩဂုတ် ၁ ရက်၌ ပြောကြားသည်။

ပျက်ကျ

ဖြစ်ပွားမှုမှာ အလာစကာပြည်နယ် အင်န်ချော့မြို့အရှေ့မြောက်ဘက် ၁၄၅ ကီလိုမီတာခန့်အကွာဝေဟင်၌ အင်ဂျင်နှစ်လုံးတပ် ဆက်နာအမျိုးအစား လေယာဉ်နှစ်စင်းတိုက်မိခဲ့ခြင်းဖြစ်သည်။ ထိုသို့လေယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် အနီးရှိ အမ်ဘာရေအိုင်ကြီးအနီး တရာပါစရက်အရပ်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ ***(ဝဲပုံ)***

ဆင်းသက်ခဲ့ရ

လေယာဉ်ပျက်ကျမှုကြောင့်တစ်စင်းမှာမီးလောင်ခဲ့ပြီး လေယာဉ်ပေါ်လိုက်ပါလာသူ လေးဦးစလုံးသေဆုံးခဲ့ရသည်။ အခြားလေယာဉ်တစ်စင်းမှာ အင်န်ချော့မြို့လေဆိပ် တက်စတီဗင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။ ထိုဖြစ်ရပ်ကြောင့် လေယာဉ်မှူး ထိခိုက်ဒဏ်ရာရရှိပြီး လေယာဉ်လည်း အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ရသည်။

သေဆုံးသူများမှာ လေယာဉ်ပိုင်ရှင် ကိုရေးကာလ်ဆန်နှင့်ဇနီးဖြစ်သူ အပါအဝင် ကလေးငယ်နှစ်ဦးတို့ဖြစ်ကြောင်း သိရှိရသည်။ ***(အင်တာနက်)***

ပင်လယ်ကြမ်းပြင်အောက်သို့ တူးဖောက်ပြီး လျှောင်ငြိမ်များကိုလေ့လာမည်

ဝယ်လင်တန် ဩဂုတ် ၁

ကမ္ဘာတစ်ဝန်းမှသိပ္ပံပညာရှင်များက လာမည့်သီတင်းပတ်မှစတင်ကာ နယူးဇီလန်နိုင်ငံ၏အရှေ့ဘက်ကမ်းရိုးတန်းတွင် ပင်လယ်ကြမ်းပြင်အောက်သို့ လွန်ဖြင့်တူးဖောက်ပြီး **(အောက်ပုံ)** အသံတိတ်လှုပ်နေသော ငလျင်ငြိမ်များနှင့်ပတ်သက်ပြီးလေ့လာရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း ဇူလိုင် ၃၁ ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာမြေအတွင်းပိုင်းရှိ ပြတ်ရွေ့လွှာကြီးများ၏ နယ်နိမိတ်အဆုံးပိုင်း၌ ပြတ်ရွေ့လွှာကြီးများ တစ်ခုနှင့်တစ်ခု ဖြည်းညင်းစွာပွတ်တိုက်ထိတွေ့နေမှုများဖြစ်ပေါ်ခြင်းကို ငလျင်ငြိမ်များဟု အမည်ပေးထားသည်။ ပြတ်ရွေ့လွှာကြီးတစ်ခုမှ နောက်တစ်ခုသို့ ဖြည်းညင်းစွာတွန်းတိုက်မှုဆင့်ကဲဖြစ်ပေါ်လာရာမှ မြေအောက်ငလျင်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထိုသို့မြေအောက်မှ ငလျင်ငြိမ်များလှုပ်ရှားမှုမှာ သာမန်ငလျင်လှုပ်မှုများထက် တုန်ခါမှုလွန်စွာနှေးကွေးပြီး ဖြည်းညင်းတတ်ကြသည်။ ထို့ကြောင့်ယင်းငလျင်ငြိမ်များမှ အစပြုကာ မြေအောက်တွင် သီတင်းပတ်များစွာနှင့် လပေါင်းများစွာကြာအောင်လှုပ်ပြီးမှ ကမ္ဘာမြေမျက်နှာပြင်၌ ပြင်းထန်သော ငလျင်လှုပ်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သုတေသီများတွက်ဆထားကြသည်။

ပြုလုပ်

ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ငလျင်နှင့်ပတ်သက်သော သိပ္ပံပညာရှင် ၇၀ခန့်တို့သည် နယူးဇီလန်နိုင်ငံ ဂစ်ဘွန်းမြို့တွင် တွေ့ဆုံပြီး လွန်ခဲ့သည့် ၂၀၀၂ခုနှစ်က ပထမဆုံးအကြိမ် ငလျင်ငြိမ်များလှုပ်ခဲ့သောနေရာများကို စမ်းသပ်မှုများပြုလုပ်မည်ဖြစ်သည်။

နယူးဇီလန်နိုင်ငံ ကမ်းရိုးတန်းဒေသကိုရွေးချယ်ခဲ့ခြင်းမှာ လွန်ခဲ့သော ၂၀၀၂ခုနှစ်က ကနေဒါနိုင်ငံအနောက်ဘက်ကမ်းခြေတွင် ငလျင်ငြိမ်လှုပ်မှုများ၏ အနေအထားများကို ပထမဆုံးအကြိမ် လေ့လာတွေ့ရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ ငလျင်ငြိမ်များလှုပ်သည့်နေရာများမှာ ကမ္ဘာတစ်ဝန်း၌ နေရာပေါင်း တစ်ဒါဇင်ခန့်ရှိ နေပြီး နယူးဇီလန်နိုင်ငံတစ်ဝိုက် လေးနေရာရှိကြောင်း မှတ်တမ်းများတွင် ဖော်ပြထားသည်ဟု နယူးဇီလန်နိုင်ငံ ဘူမိဗေဒနှင့်နျူကလီးယားသိပ္ပံမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာ့သိပ္ပံပညာရှင်များသည် သမုဒ္ဒရာရေအောက်မြေကြမ်းပြင်ကို ကီလိုမီတာ ၃၀မှ ၄၀အထိ လွန်တူးသင်္ဘောဖြင့် တူးမည်ဖြစ်ပြီး အခြားမြေအောက်တူးဖော်မည့်နေရာများမှာ ဂျပန်အလယ်ပိုင်းနှင့် ကော်စတာရီကာနိုင်ငံဝန်းကျင်တို့ဖြစ်ကြသည်။ **(အင်တာနက်)**

နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေး အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပမည် မြန်မာနိုင်ငံ၏ ကျောက်မီးသွေးအလားအလာနှင့် ကျောက်မီးသွေးဆိုင်ရာ ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေးအပါအဝင် အာဆီယံနိုင်ငံများ ကျယ်ပြန့်စွာ ဆွေးနွေးမည်

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)

မျက်မှောက်ပစ္စုပ္ပန်ကာလမှာ Energy Security ဆိုတဲ့ စွမ်းအင်လုံခြုံမှု၊ Economy ဖြစ်တဲ့ စီးပွားရေးတွက်ခြေကိုက်မှုတို့ကြောင့် စွမ်းအင်ကဏ္ဍမှာ ကျောက်မီးသွေးဟာ ထိပ်တန်းက အရေးပါလာပါပြီ။

ကုန်ကျစရိတ်သက်သာ

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းမှာ Production Cost လို့ခေါ်တဲ့ ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေခြင်းကလည်း ကျောက်မီးသွေးကို အရေးပါစေတဲ့ အချက်တစ်ချက် ဖြစ်ခဲ့ပါတယ်။

သို့မို့ကြောင့် ၂၀၀၈ခုနှစ်အတွင်းမှာ ကမ္ဘာ့စွမ်းအင်လိုအပ်ချက်ရဲ့ ၂၆ ဒသမ ၅ ရာခိုင်နှုန်းနဲ့ Energy Mix လို့ခေါ်တဲ့ ကမ္ဘာ့လျှပ်စစ်ရဲ့ ၄၁ ဒသမ ၅ ရာခိုင်နှုန်းကို ကျောက်မီးသွေးက ရရှိခဲ့တယ်လို့ လေ့လာသိရှိရကြောင်းပါဗျာ။

၂၀၁၀ခုနှစ် အဋ္ဌမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေး တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

အိမ်ရှင်နိုင်ငံ

သို့ကလို ကျောက်မီးသွေးစွမ်းအင်ကဏ္ဍ အရေးပါလာတဲ့ကာလမှာ နဝမအကြိမ်အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ မြို့တော်နေပြည်တော်မှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပတော့မှာ ဖြစ်ပါတယ်။

ရည်ရွယ်ကျင်းပ

အာဆီယံအဆင့်နှင့် လျော်ညီသော အတွေ့အကြုံကောင်းများရရှိရန်၊ အာဆီယံနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်နိုင်ရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျောက်မီးသွေးဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေရေးရာစီမံခန့်ခွဲမှုများနှင့် လက်ရှိဆောင်ရွက်နေမှုများကိုသိရှိနိုင်ရန်၊ ကျောက်မီးသွေးမှ စွမ်းအင်ထုတ်လုပ်သုံးစွဲရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရေးအတွက် Clean Coal Technology ဖွံ့ဖြိုးရေး၊ Brown Coal အဆင့်မြှင့်တင်ရေး၊ ကျောက်မီးသွေးမှ မီသိန်းဂက်စ်ထုတ်လုပ်ရေးနှင့် ကျောက်မီးသွေးအား လောင်စာရည်ပြုလုပ်ရေးစသည့် အဆင့်မြင့်နည်းပညာများ ရရှိနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

တက်ရောက်ဆွေးနွေး

အစည်းအဝေးကို အာဆီယံနိုင်ငံများနဲ့ ဂျပန်ကျောက်မီးသွေး အေဂျင်စီ (JCOAL)တို့က ကိုယ်စားလှယ် ၅၀ခန့်နဲ့ မြန်မာနိုင်ငံဘက်က ကျောက်မီးသွေးထုတ်လုပ်သူ လုပ်ငန်းရှင်များအပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူ ၃၀ခန့် တက်ရောက်ဆွေးနွေးကြမယ်လို့ အကြမ်းဖျင်းသိရကြောင်းပါ။

ကဏ္ဍစုံလင်သူတို့အမြင်

အစည်းအဝေးမှာ အင်ဒိုနီးရှားသမ္မတနိုင်ငံက “အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးအရင်းအမြစ်နှင့် လက်ကျန်အခြေအနေ၊ ကျောက်မီးသွေး ဆင့်တက် ပြုပြင်ခြင်း၊ CCT နှင့်ကာဗွန်ဖမ်းယူခြင်းနည်းပညာ၊ ကျောက်မီးသွေးဈေးနှုန်း အညွှန်းကိန်း၊ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများ၏ စွမ်းရည်မြှင့်တင်ရေး” ကဏ္ဍများ၊ မလေးရှားနိုင်ငံက “အာဆီယံဒေသတွင်း ကျောက်မီးသွေး အရည်အသွေးစစ်ဆေးခြင်း၊ အာဆီယံဒေသတွင်း ကျောက်မီးသွေးအသုံးပြုမှုနှင့် ကုန်သွယ်မှု” ကဏ္ဍများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက “အအောင်မြင်ဆုံး CCT နမူနာတစ်ခု” ကဏ္ဍ၊ ထိုင်းနိုင်ငံက “သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးနှင့် ကျောက်မီးသွေး၏ အားသာမှုများ၊ အာရှရှေ့ဆောင် CCT၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး” ကဏ္ဍများ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံက “ကျောက်မီးသွေးသုံး စက်ကိရိယာများ တစ်ပြေးညီဖြစ်စေရေး၊ ကျောက်မီးသွေးဆိုင်ရာ ဆုတံဆိပ်များအပ်နှင်းရေး” ကဏ္ဍများ၊ ကမ္ဘောဒီးယားနိုင်ငံက “အာဆီယံကျောက်မီးသွေး သတင်းစာဖြန့်ချိရေး” ကဏ္ဍ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက “ကျောက်မီးသွေးဆိုင်ရာ ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေး၊ မြန်မာနိုင်ငံကျောက်မီးသွေးအလားအလာ” ကဏ္ဍများ၊ ဂျပန်နိုင်ငံက “ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား အနာဂတ် ကျောက်မီးသွေးကုန်သွယ်ရေး” စတဲ့ ကဏ္ဍများကို ပြည်မြန်မာရဲ့ မြို့တော်နေပြည်တော်မှာ ကျယ်ပြန့်စွာဆွေးနွေးကြမှာ ဖြစ်ပါတယ်။

CCT နည်းပညာ

ဆွေးနွေးမယ့်အကြောင်းအရာတွေထဲမှာ အင်ဒိုနီးရှားပြည်သူတွေက “ဘုရားပေးသောသိုက်” လို့တင်စားခေါ်ဝေါ်ရလောက်အောင် အာဆီယံဒေသတွင်းမှာ ကျောက်မီးသွေးအများဆုံး ထုတ်လုပ်နိုင်တဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံက ဆွေးနွေးမယ့်“CCTနှင့် ကာဗွန်ဖမ်းယူခြင်းနည်းပညာ”ကဏ္ဍမှာ ကျောက်မီးသွေးကို မီးမရှို့ခင် လူကိုအန္တရာယ်ဖြစ်စေတဲ့အရာတွေကို ကြိုတင်ဖယ်ထုတ်ထားတဲ့ Coal Benefication နည်း၊ မီးရှို့ပြီးထွက်လာတဲ့ မီးခိုး(အငွေ့)တွေထဲက လူကိုအန္တရာယ်ဖြစ်စေတဲ့အရာတွေ (SO_2)ကို စစ်ယူဖယ်ထုတ်ပြီးမှ စွန့်ပစ်တဲ့(Scrubber)နည်းစတဲ့ Clean Coal Technology (CCT) ကဏ္ဍလည်း ပါဝင်တဲ့အတွက် များစွာအကျိုးရှိစေမှာဖြစ်ပါတယ်။ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံရှိတဲ့ နိုင်ငံတိုင်းမှာလည်း ဒီနည်းကို ဆောင်ရွက်နေကြပါပြီ။

၂၀၁၀ ခုနှစ် အဋ္ဌမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေးကို မလေးရှားနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပစဉ်။

တစ်ဆက်တည်းမှာပဲ အာဆီယံဒေသတွင်းနိုင်ငံများရဲ့ ကျောက်မီးသွေးထုတ်လုပ်မှုကို လေ့လာကြည့်မယ်ဆိုရင် အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံတို့က အများဆုံး ထုတ်လုပ်နိုင်ပြီး ထိုင်း၊ မလေးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတို့က ဝယ်ယူသုံးစွဲရတဲ့ အနေအထားမှာ ရှိနေပါတယ်။

သုံးစွဲမှုမျှတ

သဘာဝသယံဇာတအရင်းအမြစ်တွေ အလျှံပယ်ပေါကြွယ်ဝလို့ မြန်မာပြည်သူတွေက “ရတနာမြေ”အဖြစ် တင်စားခေါ်ဝေါ်ကြတဲ့ ပြည်မြန်မာရဲ့ ကျောက်မီးသွေးထုတ်လုပ်မှုကတော့ သူ့အိုးနဲ့သူ့ဆန် တန်သလောက်ပါပဲ။ ထုတ်လုပ်မှုနဲ့ သုံးစွဲမှုမျှတနေပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်တို့မှာ ကျောက်မီးသွေးကို အဓိကထားထုတ်လုပ်နေပြီး ကရင်ပြည်နယ်မှာတော့ လက်ရှိစမ်းသပ်ရှာဖွေနေဆဲပါ။

ပိုမိုအရေးပါ

၂၀၀၆-၂၀၀၇ခုနှစ်က ကျောက်မီးသွေးတန်ချိန် တစ်သန်းခွဲနီးပါး အများဆုံး ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၀-၂၀၁၁ခုနှစ်ကတော့ တန်ချိန် ၇သိန်းနီးပါးပဲ ထုတ်လုပ်ခဲ့ပါတယ်။ အကြောင်းကတော့ ဝယ်လိုအားအပေါ်မူတည်ပြီးမှ ထုတ်လုပ်ပေးခြင်းကြောင့်ပါ။ မဝေးတော့တဲ့ကာလမှာ နိုင်ငံအတွင်း ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံတွေ၊ အလုပ်ရုံတွေ များပြားလာမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ကျောက်မီးသွေးအလားအလာဟာ ပိုမိုအရေးပါလာမှာ ဖြစ်ပါတယ်။

လက်ခံကျင်းပခဲ့

အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေး အကြောင်းကိုလည်း တစေ့တစောင်းတင်ပြရရင် ပထမအကြိမ်အစည်းအဝေးကို အင်ဒိုနီးရှားသမ္မတနိုင်ငံက ၂၀၀၀ပြည့်နှစ်မှာ အိမ်ရှင်အဖြစ် စတင်လက်ခံကျင်းပခဲ့ပြီး ၂၀၀၂ခုနှစ် ဒုတိယအကြိမ်အစည်းအဝေးကို မလေးရှားနိုင်ငံ၊ ၂၀၀၃ ခုနှစ် တတိယအကြိမ် အစည်းအဝေးကို အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ၂၀၀၅ ခုနှစ် စတုတ္ထအကြိမ်အစည်းအဝေးကို ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ၂၀၀၇ ခုနှစ် ပဥ္စမအကြိမ်အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ၂၀၀၈ခုနှစ် ဆဋ္ဌမအကြိမ်အစည်းအဝေးကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ၂၀၀၉ ခုနှစ် သတ္တမအကြိမ်အစည်းအဝေးကို အင်ဒိုနီးရှားသမ္မတနိုင်ငံနဲ့ ၂၀၁၀ ခုနှစ် အဋ္ဌမအကြိမ် အစည်းအဝေးကိုတော့ မလေးရှားနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြပါတယ်။

ယခု ၂၀၁၁ခုနှစ် နဝမအကြိမ် အစည်းအဝေးကိုတော့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး နေပြည်တော်မှာ ဩဂုတ် ၄ ရက်မှ ၅ ရက်အထိ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဂုဏ်ယူဝမ်းမြောက်

ရေမြင့်ကြာတင့်ဆိုသလို နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ အာဆီယံဒေသတွင်း နိုင်ငံများရဲ့ အစည်းအဝေးပေါင်း များစွာကို မြန်မာနိုင်ငံက ယခုလို အိမ်ရှင်နိုင်ငံအဖြစ် စဉ်တိုက်ဆက်တိုက် လက်ခံကျင်းပပေးနိုင်စွမ်းရှိတာကို တွေ့မြင်ရတဲ့အတွက် မြန်မာပြည်သူတစ်ဦးအနေနဲ့ ဂုဏ်ယူဝမ်းမြောက်မဆုံးဖြစ်မိကြောင်းပါဗျာ။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၀ ၂။ နံနက်ခင်းသတင်း
- ၇:၂၀ ၃။ **FIFA U-20 WORLD CUP 2011** **ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဘရာဇီးအသင်းနှင့် ဩစတြီးယားအသင်း)**
- ၉:၀၀ ၄။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ကလေးများအတွက် အကောင်းဆုံး
- ၄:၃၅ ၄။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ အကပြိုင်ပွဲ
- ၅:၂၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅:၃၀ ၉။ ရွှေမျက်ပါး(ခေါ်) ရွှေဆိုင်းလုပ်ငန်း
- ၅:၄၅ ၁၀။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၀ ၁၄။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၁၄)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ရယ်စရာဟာသများ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၂၀)
- ၂၁။ အစီအစဉ်ပြီး၏။

မိုးရာသီဘောလုံးပြိုင်ပွဲ တမူးမြို့နယ်၌ကျင်းပ

တမူး ဩဂုတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အသက် ၁၃နှစ်အောက် မိုးရာသီဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၅ရက် နံနက် ၈နာရီက တမူးမြို့နယ်အားကစားကွင်း၌ကျင်းပရာ ဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူက အမှာစကားပြောကြားသည်။

အနိုင်ရ

ထို့နောက် ကွင်းဖွင့်ပွဲနေ့တွင် တမူးအထကအုပ်စုအသင်းနှင့် မြို့သစ်မြို့အုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထကအုပ်စုအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် အင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့်တို့ ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာအုပ်စု (၆၆/ ၁၁ ကေဗွီ ၅ အမ်ဗွီအေ) ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ညောင်ရွှေမြို့နယ်၌ ဓာတ်အားခွဲရုံဖွင့်

နေပြည်တော် ဩဂုတ် ၁

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာအုပ်စု (၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ) ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက်၁၀နာရီတွင် အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်က ဓာတ်အားခွဲရုံ တည်ဆောက်ဖွင့်လှစ်ရခြင်းအကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က လုပ်ငန်းတည်ဆောက်မှုနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စား အင်းလေးဒေသမီးလင်းရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုင်းထွန်းရင်နှင့် အင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာနဝန်ကြီး ဦးဝင်းမြင့်တို့က ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဓာတ်အားခွဲရုံ၏ မိန်းခလုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်ကုန်းမြို့နယ်၌ ကျောင်းဆောင်သစ်ပေးအပ်

တပ်ကုန်း ဩဂုတ် ၁

နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မက်(စ်) မြန်မာကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် မွန်းတည့် ၁၂ နာရီတွင် မြရတနာ ခန်းမ၌ ကျင်းပခဲ့ရာ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ဦး၊ ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ငွေ၊ နေပြည်တော် ကောင်စီဝင် ဦးသန်းအောင်၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်ရွှေတို့ တက်ရောက်ခဲ့ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

မြရတနာ ကျောင်းဆောင်သစ်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ၊ မက်(စ်) မြန်မာကုမ္ပဏီ မိသားစု ဒုတိယ ဥက္ကဋ္ဌ ဦးအုန်းကျော်၊ ကျောင်းအုပ်ဆရာကြီး ဦးရွှေကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (ဝ၂၁)

ပွင့်ဖြူမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပွင့်ဖြူ ဩဂုတ် ၁

ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှငွေ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းညွှန့်နှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဆင်လူးကျေးရွာပြည်သူများက ယူကလစ်ပျိုးပင် ၁၀၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ငါးမျိုးစိုက်ထည့်ပွဲ ဒေးဒရဲမြို့နယ်၌ကျင်းပ

ဒေးဒရဲ ဩဂုတ် ၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ၂၀၁၁-၂၀၁၂ခုနှစ် လုပ်ငန်းရာသီ ဒေသအတွင်း သားငါးဖူလုံစေရေးနှင့် ငါးသယံဇာတ တိုးတက်စေရေးအတွက် ဇူလိုင် ၂၃ ရက်က ငါးမျိုးစိုက်ထည့်ပွဲကျင်းပရာ သီလဝါအင်း၊ ရေကျော်အင်း၊ မငေး ကလေးအင်း၊ သောကြာအင်း၊ ကျုံမင်း နောက်ပြန်တိုးအင်းနှင့် ကျုံလွတ်အထက် အင်းများအတွင်းသို့ ငါးခုံးမငါးသန်ကောင်ရေ ရှစ်သိန်းကို မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနမှ ဦးဆောင်၍ အင်းလုပ်ငန်းရှင်များက ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

ဩဂုတ် ၁ရက်က ဦးခင်မောင်အား ရည်စူး၍ ရန်ကုန်မြို့နေ ဒေါ်ဝိုင်းကြည် မိသားစု (Top Star တံဆိပ်ရိုက်လုပ်ငန်း)က ဗီဇိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင်ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

ရေသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေး ငပုတောမြို့နယ်၌ အသိပညာပေးဟောပြော

ငပုတော ဩဂုတ် ၁

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီး ဌာနတို့၏ ကြီးကြပ်မှုဖြင့် ငပုတောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရေသယံဇာတ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်က ငပုတောမြို့နယ် ရေကျော်ကြီးကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူး ခန်းမ၌ ကျင်းပသည်။

ပညာပေးဟောပြော

အဆိုပါ အခမ်းအနားတွင် ငပုတောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးတင့်နိုင်က ရေသယံဇာတ ထိန်းသိမ်းရေးကိစ္စရပ်များကို ပညာပေးဟောပြောခဲ့ပြီး အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရေလုပ်သား ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းဘေးဝဲယာတစ်လျှောက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများအတွင်း ရေဆိုးများ၊ အမှိုက်သရိုက်များရှင်းလင်းမှုကို အမှုဆောင်အရာရှိ ဦးစောဝေနှင့် ဒုတိယဦးစီးမှူး ဦးအေးသိန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားနှင့် စေတနာအမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့များ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေခြင်း၊ တပ်မတော်အနေဖြင့်လည်း ဒို့တာဝန် အရေး(၃)ပါးကို ဦးထိပ်ထား၍ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ ပူးပေါင်းဆောင်ရွက်လျက်ရှိနေချိန်တွင် နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်ကို သိမြင်လာကြသော သောင်းကျန်းသူအဖွဲ့ဝင်များသည် ၎င်းတို့၏ လုပ်ရပ်များအပေါ် ၎င်းတို့ ကိုယ်တိုင် ယုံကြည်မှုမရှိခြင်းနှင့် မှန်ကန်ကောင်းမွန်မှုမရှိသော မှားယွင်းသည့် လုပ်ရပ်များအဖြစ် နားလည်သဘောပေါက်လာကာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်၏ ရင်ခွင်သို့ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၁၁ ခုနှစ် မေလ၊ ဇွန်လနှင့် ဇူလိုင်လများအတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် KIA (ကချင်)အဖွဲ့မှ တပ်သား ရန်နောင်စိုး၊ တပ်သား စိုင်းလင်းနှင့် တပ်ကြပ် ထမိုင်ဆင်ရမ်တို့သည် လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် UWSA (ဝ)အဖွဲ့မှ တပ်သား အိုက်ပလိပ်(ခေါ်)အိုက်စံသည်လည်းကောင်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် SSA (ရှက်ဆစ်) သောင်းကျန်းသူအဖွဲ့မှ တပ်သား ဘောရယ်သည် အမ်-၂၂ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည် ၁၁၇ တောင့်၊ ကျည်အိမ်လေးခုဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် KNPP သောင်းကျန်းသူအဖွဲ့မှ တပ်သား ကျော်ခူသည် ဘီအေ-၆၃ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ကျည်ငါးတောင့်၊ ကျည်အိမ်တစ်ခုဖြင့် လည်းကောင်း၊ တောတွင်းလက်နက်ကိုင် (သူရိန်)အဖွဲ့မှ ခွဲမှူး မိုးကျော်နှင့် တပ်သား မိုးဇော်တို့သည်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် KNU သောင်းကျန်းသူအဖွဲ့မှ ဒုတပ်ကြပ် စောဖိုးဆေးသည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်ရှစ်တောင့်၊ ကျည်အိမ်တစ်ခု၊ ဗိုလ်မိုးသီးသည် ၉ မမ ပစ္စတိုတစ်လက်၊ ကျည် ၁၆ တောင့်၊ ကျည်အိမ်တစ်ခု၊ လက်ပစ်ဗုံးနှစ်လုံး၊ လမ်းလျှောက် စကားပြောစက်တစ်လုံးတို့ဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေတွင် KNU သောင်းကျန်းသူအဖွဲ့မှ တပ်ကြပ် စောဖားတန့်(ခေါ်) ရှီမန်သည် ပွိုင့်-၄၅ ပစ္စတိုတစ်လက်၊ ကျည်ရှစ်တောင့်၊ ကျည်အိမ်တစ်ခုဖြင့် လည်းကောင်း၊ ဒုဗိုလ် စောတာဆိတ်ဆိတ်သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ ကျည်အိမ်တစ်ခုဖြင့် လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် KIA (ကချင်) အဖွဲ့မှ တပ်သား မော်လမယ်ဆီသည် လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် KNU သောင်းကျန်းသူအဖွဲ့မှ တပ်သား စိုးဗေဒါ(ခေါ်)ဇော်လင်းမောင်သည် ပွိုင့်-၃၀ ကာဘိုင်တစ်လက်၊ ၎င်းကျည် ၁၃၂ တောင့်၊ ကျည်အိမ်ငါးခုတို့ဖြင့်လည်းကောင်း အသီးသီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါကာလများအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၁၇ ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်း ရေး လဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား ပညာရည်မြင့်မားရေး စဉ့်ကူးမြို့နယ်၌ ရှင်းလင်းဆွေးနွေး

စဉ့်ကူး ဩဂုတ် ၁

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ မြို့နယ်အဆင့် ရှင်းလင်းပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်က ပညာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများက ၂၀၁၁ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး ခဲ့ကြကြောင်း သိရှိရသည်။ (၄၃၃)

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

တက္ကသိုလ်နှင့်ကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇူလိုင် ၂၉ရက် နံနက်ပိုင်းက ပုသိမ်တက္ကသိုလ်အားကစားခန်းမ၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်နှင့်ကောလိပ်ပေါင်းစုံဇုန်အဆင့် (အမျိုးသားဘော်လီဘော) ပြိုင်ပွဲသို့တက်ရောက်၍ ပုသိမ်တက္ကသိုလ်အသင်းနှင့် ပြည်တက္ကသိုလ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများက နှစ်သိမ့်ဆုရ မအူပင်တက္ကသိုလ်အသင်း၊ တတိယဆုရ ဟင်္သာတတက္ကသိုလ်အသင်း၊ ဒုတိယဆုရ ပုသိမ်တက္ကသိုလ်အသင်း၊ ပထမဆုရ ပြည်တက္ကသိုလ်အသင်းနှင့် အကောင်းဆုံးဆုရအားကစားသမားများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဒိုင်းဆုရ ပြည်တက္ကသိုလ်အသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့တက်ရောက်၍ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရ မအူပင်ခရိုင်အသင်းနှင့် ပထမဆုရ ပုသိမ်ခရိုင်အသင်း၊ အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရ မြောင်းမြခရိုင်အသင်းနှင့် အကောင်းဆုံးဆုရ အားကစားသမားများအား ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ပုသိမ်ခရိုင်အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ပုသိမ်ခရိုင်အသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲစဉ်များစတင်

နေပြည်တော် ဩဂုတ် ၁

၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာ အသီးသီး၌ စတင်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းအုပ်ချုပ်သူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ လာရောက် ကြည့်ရှုအားပေးကြသည်။

အမှတ်(၂) နေပြည်တော်အားကစားကွင်းတွင် ကျင်းပသောပွဲစဉ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုး ဖြင့်လည်းကောင်း၊ နေပြည်တော် လယ်ဝေးအားကစားကွင်းတွင်ကျင်းပသော ပွဲစဉ်၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဩဂုတ်၂ရက် ပွဲစဉ်များအဖြစ် အမှတ်(၂) နေပြည်တော် အားကစားကွင်းတွင် (ခခ)အုပ်စုမှ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေးအားကစားကွင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်အောင်နိုင်ရေး မြန်မာသိုင်းအားကစားသမား မောင်မယ်များ စခန်းဝင်လေ့ကျင့်

သတင်းမှတ်စုနှင့် ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးနှင့် ဆုတံဆိပ်များရရှိရေးအတွက် မြန်မာအားကစားမောင်မယ်များ အပြင်းအထန်လေ့ကျင့်နေကြပြီဖြစ်သည်။

ထိုသို့ လေ့ကျင့်နေမှုများအနက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမရှိ မြန်မာ့သိုင်းလက်ရွေးစင် လေ့ကျင့်ရေးစခန်း မိုးလုံလေလုံအားကစားခန်းမသို့ စာရေးသူရောက်ရှိခဲ့ရာ ခန်းမအတွင်း အားကစားမောင်မယ်များကို နည်းပြများက မလေ့ကျင့်မီကိုယ်ခန္ဓာလေ့ကျင့်ခန်းများ ပြုလုပ်နေကြသည်ကို မြင်တွေ့လိုက်ရသည်။

ခြေကန်ချက် သွက်သွက်လက်လက်ဖြင့် အကြိတ်အနယ် မမောမပန်းလေ့ကျင့်နေကြမှုက အားရစရာပင်ဖြစ်သည်။

ထို့နောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အုပ်ချုပ်သူ ဦးမြအောင်အား လေ့ကျင့်နေမှုများနှင့် စပ်လျဉ်းမေးမြန်းခဲ့ရာ "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ကိုးဦး တို့ကို ၂၀၁၀ခုနှစ် မေလမှ စတင်စခန်းသွင်းလေ့ကျင့်နေပါတယ်။ ထပ်ပြီးတော့ ၂၀၁၁ခုနှစ် ဇူလိုင်လဆန်းက အား/ကာသိပ္ပံ (ရန်ကုန်)က သင်တန်းသား အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်းအားကစားသမား ၃၀ နဲ့ စခန်းသွင်း လေ့ကျင့်နေပါတယ်" ဟု ရှင်းပြခဲ့သည်။

"ပြိုင်ပွဲအမျိုးအစားနှစ်မျိုးယှဉ်ပြိုင်သွားမှာပါ။" ဦးမြအောင်(အုပ်ချုပ်သူ)

ယင်းနောက် လေ့ကျင့်ချိန်နှင့်ပတ်သက်၍ "ကျွန်တော်တို့ လေ့ကျင့်ချိန်သုံးကြိမ်ရှိပါတယ်။ နံနက် ၆ နာရီမှ ၇ နာရီအထိ သက်လုံနဲ့ကြံ့ခိုင်မှုတစ်ကြိမ်၊ နံနက် ၈ နာရီခွဲမှ ၁၁ နာရီအထိ ကြံ့ခိုင်မှုနဲ့ နည်းစနစ်ပိုင်းတစ်ကြိမ်၊ ညနေ ၃ နာရီမှ ၅ နာရီခွဲအထိ ကိုယ်ခန္ဓာကြံ့ခိုင်မှုနဲ့ နည်းစနစ်ပိုင်းလေ့ကျင့်မှုတစ်ကြိမ် ပြုလုပ်ပါတယ်" ဟု အုပ်ချုပ်သူက ဆက်လက်ရှင်းပြသည်။ မြန်မာသိုင်းအားကစားသမားများသည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားနှစ်မျိုး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယင်းတို့မှာ အတိုက်နှင့် အပြပြိုင်ပွဲများဖြစ်ပြီး နှစ်မျိုးစလုံးတွင် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲနှင့် သုံးယောက်တွဲ ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

မြန်မာသိုင်းအားကစားသမားများသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇူလိုင် ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် (၃)ကြိမ်မြောက် အရှေ့တောင်အာရှ ပန်ကြပ်ဆီလတ် (လက်သိုင်း)အတိုက်ပြိုင်ပွဲ၌ ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးသုံးခုဆွတ်ခူးနိုင်ခဲ့ကြသည်။

မြန်မာသိုင်းအားကစား မောင်မယ်များအနေဖြင့် (၂၆)ကြိမ်မြောက် ဆီးဂိမ်းတွင် အဓိကပြိုင်ဘက်များမှာ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့ ဖြစ်ကြောင်း သိရှိရသည်။ ။ ***(မြန်မာ့အလင်း)***

မြန်မာသိုင်းအားကစားသမားများ လေ့ကျင့်နေကြစဉ်။

မြန်မာ Senior PGA လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာ Senior PGA တို့ ပူးပေါင်းကျင်းပမည့် မြန်မာ Senior PGA ဂေါက်သီးရိုက်ပြိုင်ပွဲများအတွက် လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲများကို ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌လည်းကောင်း၊ ဩဂုတ် ၁၇ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါလက်ရည်စစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အပျော်တမ်းအဆင့်(H' Cap 0-14) ရှိ အမျိုးသားအားလုံးသည် ပြိုင်ပွဲကျင်းပမည့်နေ့တွင် အသက်(၅၀)ပြည့်ပြီးသူများသာဖြစ်ရမည်။ လက်ရည်စစ်ပွဲ အောင်မြင်သူများသည် မြန်မာ Senior PGA ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။

မန္တလေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ရန်ကုန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဩဂုတ် ၁၅ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ဖုန်း-၀၉-၅၁၇၇၉၅၆၊ ၀၉-၂၀၃၇၆၇၁၊ ၀၁-၆၅၁၃၇၄နှင့် ပြိုင်ပွဲကျင်းပမည့်ဂေါက်ကွင်းတို့၌ အမည်စာရင်းများပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မလမ်းနှင့်ရွှေလမ်းဆုံ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၂၈ ရက်က လက်ထောက်အင်ဂျင်နီယာ ဒေါ်မူယာဆွေ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် အင်ဂျင်နီယာမှူးဦးဇော်မျိုးထွေးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (၁၀၂)

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကိုကို ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်လမ်းရှိ ကန်ပေါင်မျက်နှာစာကျောက်စီမြေထိန်းနံရံကို ဇူလိုင် ၂၈ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အောင်ဆန်းလမ်းရှိ ပလက်ဖောင်းများအားပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ဇူလိုင် ၁၀ရက်က လက်ထောက်အင်ဂျင်နီယာ(စက်မှု)ဦးရွှေထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှတ်(၃) ရပ်ကွက် ၆ လမ်း ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင် ၁ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းလင်းနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင် ကွင်းဆင်းကြီးကြပ်စဉ်။ (၁၃၃)

ဓနုဖြူမြို့အဝင် ရတနာသီရိလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၂၅ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ပန္နက်တင်

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် လုံးတော-သမန်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် ပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

ကျေးရွာတစ်ခုချင်းအလိုက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက် တွေ့ကြုံနိုင်သည့်အခက်အခဲများအား ကြိုတင်ပြင်ဆင်မှုများပြုလုပ်

နေပြည်တော် ဩဂုတ် ၁

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် ဇူလိုင် ၂၄ ရက်တွင် နွားထိုးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ အောင်သူရိန်ခန်းမ၌ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု ယင်းလုပ်ငန်းစဉ်(၈)ရပ်ကို နွားထိုးကြီးမြို့နယ် ကျေးရွာတစ်ခုချင်းအလိုက် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေး၊ တွေ့ကြုံလာနိုင်သည့် အခက်အခဲများအား ရင်ဆိုင်ကျော်လွှားနိုင်မည့် အခြေအနေများကို စဉ်ဆက်မပြတ်လေ့လာ၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လယ်ယာထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လောင်းကစားမှု ပပျောက်ရေးတို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုံးတော-သမန်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပသည့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့တက်ရောက်အားပေးသည်။ ယခု ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သည် အလျားပေ ၁၀၀၊ အနံ ၃၆ ပေနှင့် အမြင့်ပေ ၃၀ ရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ကျောင်းသားဦးရေ ၃၀၀ ကျော် တက်ရောက်ပညာသင်ကြားနိုင်သည့် ကျောင်းဆောင်သစ် ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နွားထိုးကြီးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွက်လိုအပ်သော ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ဖြည့်တင်းရေးနှင့် ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကာ ဆေးကုသမှုခံယူလျက်ရှိသောလူနာများကို အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ကျောဖုံးမှ**

အခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးသည် ပြည်တွင်း ပြည်ပစျေးကွက်ဝင်ဆန်စပါးမျိုးများ ဖြစ်ထွန်းအောင်မြင်နိုင်သော ရေ၊ မြေ၊ ရာသီဥတုနှင့် ဆည်မြောင်းတာတမံများပြည့်စုံသဖြင့် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍတွင်အဓိကကျသော တိုင်းဒေသကြီးများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကယနေ့အထူးဦးစားပေးဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ချမှတ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်ကြီး(၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသင်းအဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လယ်ယာလုပ်ငန်းအတွက် လိုအပ်သောစက်ကိရိယာများ ဝယ်ယူနိုင်ရေးအတွက် အထူးပြုကုမ္ပဏီများက ချေးငွေထုတ်ပေးလျက်ရှိသဖြင့် တစ်ဦးချင်းမဝယ်ယူနိုင်ပါက စုပေါင်းဝယ်ယူအသုံးပြုရန်၊ လူအားဖြင့် ဆောင်ရွက်ခြင်းထက် စက်ဖြင့်ဆောင်ရွက်ခြင်းသည် တိုးတက်မှုနှင့်အကျိုးဖြစ်ထွန်းမှုများစွာ ကွာခြားကြောင်း ဆွေးနွေးမှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ခေတ္တရာဟသ်ာ အထူးပြုကုမ္ပဏီက ပြည်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ တောင်သူဦးရေ ၁၁၆၂၃ ဦးနှင့် စိုက်ပျိုးဧက ၄၉၂၈၅အတွက် စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများအဖြစ် ချေးငွေစုစုပေါင်းတန်ဖိုးငွေကျပ် သိန်းပေါင်း ၂၃၇၈၂ သိန်း၊ စပါးအခြောက်ခံစက်များဝယ်ယူရန် ချေးငွေကျပ်သိန်းပေါင်း ၃၅၂၅ သိန်း၊ ခေတ်မီတန် ၅၀ ကျ ဆန်စက် ၁၀ လုံးအတွက် အထူးအစီအစဉ်ဖြင့် ချေးငွေကျပ်သိန်းပေါင်း ၄၅၀၀၊ လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာများဝယ်ယူရန် ချေးငွေကျပ်သိန်းပေါင်း၂၇၃၇ သိန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှော်ဘီဆန်စပါးသင်တန်းကျောင်းမှ ထူးချွန်ကျောင်းသား၁၀ဦးအတွက် ဆုချီးမြှင့်ငွေကျပ်ငါးသိန်း၊ ပြည်ခရိုင်လယ်ယာကုန်ထုတ်ဖွံ့ဖြိုးရေးအသင်းများတွင် ခေတ်မီတစ်ဧကကွက်များဖော်ထုတ်ခြင်းအတွက် ထောက်ပံ့ပေးအပ်ငွေ ကျပ်သိန်း ၂၀၀၊ ပြည်ခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်များသို့ တက်ရောက်မည့် ပညာသင်စရိတ်အခက်အခဲရှိသော ကျောင်းသားကျောင်းသူများအတွက် ခေတ္တရာဟသ်ာပညာသင်ဆုနှင့် ပညာသင်စရိတ်ထောက်ပံ့မှု ငွေပဒေသာပင်စိုက်ထူလှူဒါန်းငွေကျပ်သိန်း ၂၀၀၊ ၂၀၁၀-၂၀၁၁ခုနှစ် မိုးစပါးနှင့် နွေစပါးရာသီများတွင် ချေးငွေအစောဆုံးပြန်လည်ပေးဆပ်သော ကျေးရွာအုပ်စု ၁၀ စုအတွက် ဆုချီးမြှင့်ငွေကျပ် ၁၀ သိန်း၊ ပြည်ခရိုင်အတွင်းရှိ ဖွံ့ဖြိုးမှုနည်းပါးသော ပန်းတောင်းမြို့နယ်ဆေးရုံနှင့် ပေါက်ခေါင်းမြို့နယ်ဆေးရုံတို့အတွက် လှူဒါန်းငွေကျပ်သိန်း ၅၀ စုစုပေါင်း ချေးငွေနှင့် ထောက်ပံ့ငွေကျပ်သုံးဘီလျံကို ခေတ္တရာဟသ်ာဆန်စပါး အထူးပြုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များက တာဝန်ရှိသူများထံ အသီးသီးပေးအပ်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သီရိခေတ္တရာရတနာခန်းမ၌ ခေတ္တရာဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်က ခင်းကျင်းပြသထားသော ခေတ်မီတန် ၅၀ကျဆန်စက်၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်များ၊ ခြွေလှေ့စက်အကြီးများ၊ တစ်ပိုင်တစ်နိုင် ခြွေလှေ့စက်များ၊ ရေစုပ်စက်များနှင့် ဧရာဟသ်ာကုမ္ပဏီမှ ထုတ်လုပ်သောအဆင့်မြင့်ဆန်များ၊ ဒေသထွက်ကုန်ယိုမျိုးစုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ခရိုင်ရွှေတောင်မြို့နယ်ဆင်မကြက်ကျေးရွာရှိ မြရတနာ သစ်သီးယိုမျိုးစုံလုပ်ငန်းသို့ သွားရောက်ပြီး ပြည်ခရိုင်အတွင်းရှိ ယိုမျိုးစုံလုပ်ငန်းရှင် ၃၀နှင့်တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ အထူးဂရုစိုက်မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းမမြို့နယ်ခွဲ ပြားစည်ကျေးရွာရှိ စိန်မိသားစုအင်းမပုဆိုးနှင့် မဝတ်လုံချည်ထုတ်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိပြီး ရက်ကန်းလုပ်ငန်း ဆောင်ရွက်သူ ၁၀၀နှင့် တွေ့ဆုံ၍အင်းမလုံချည်ကို ဒေသထွက်ကုန်အဖြစ်ရေရှည်ရပ်တည်နိုင်ရေးကြိုးစားဆောင်ရွက်ရန်၊ လိုအပ်သောရင်းနှီးငွေကို သမဝါယမဖွံ့ဖြိုးရေးဘဏ်မှချေးယူရရှိနိုင်ရေး ဆောင်ရွက်ရန်၊ ပြည်ပပို့ကုန်အထိ တင်ပို့နိုင်ရေးအတွက် ပြည်တွင်းပြည်ပကုန်စည်ပြပွဲများတွင် အင်းမချည်ထည်များ ပါဝင်ပြသနိုင်ရေး ကူညီဆောင်ရွက်ပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်သူများက ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ် သရက်တပင်ကျေးရွာအုပ်စု ဝက်ကော်ကျေးရွာရှိ ဝေဠုဝါးဦးထုပ် ကုန်ထုတ်သမဝါယမလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဝက်ကော်ကျေးရွာအတွင်းရှိ ဝါးဦးထုပ်လုပ်ငန်းရှင်နှင့် လုပ်သား ၁၅၀ တို့အား တွေ့ဆုံ၍ ယခုထက် အရည်အသွေးနှင့်အရေအတွက် ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ပြီး ဈေးကွက်ချဲ့ထွင်နိုင်ရေး ကြိုးစားရန်စသည်တို့ကို မှာကြားသည်။

ပေးအပ်

ယင်းနောက် မွန်းလွဲပိုင်းတွင် ကြို့ပင်ကောက်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးခန်းမ၌ ကျင်းပသော ရွှေဝါဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီ၏ ၂၀၁၁ ခုနှစ် မိုးစပါးရာသီအတွက် စိုက်ပျိုးစရိတ်၊ မျိုးစပါးနှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်း အသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ကြို့ပင်ကောက်မြို့နယ်နှင့် အုတ်ဖိုမြို့နယ်များရှိ ကျေးရွာအုပ်စု ၃၆ ရွာ၊ စိုက်ဧက ၂၅၀၀၀ အတွက် စိုက်ပျိုးစရိတ်နှင့် မျိုးစပါးပံ့ပိုးငွေတန်ဖိုး စုစုပေါင်းငွေကျပ် ၁၂၄၈၅ သိန်း၊ ကြို့ပင်ကောက်၊ အုတ်ဖိုနှင့် မိုးညိုမြို့နယ်များတွင် မျိုးစပါးစံပြစိုက်ကွက် စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ပံ့ပိုးငွေကျပ်သိန်း ၂၅၀၊ လယ်ယာလုပ်ငန်းခွင်သုံးခြွေလှေ့စက်၊ လက်တွန်းထွန်စက်များအတွက် ချေးငွေကျပ် ၁၂၃၅ သိန်း၊ ဆန်စက်များ ခေတ်မီယူနစ်အစိတ်အပိုင်းများ ပြောင်းလဲတပ်ဆင်ခြင်းအတွက် ချေးငွေကျပ်သိန်း ၂၂၅၀၊ ကျေးရွာအလိုက် လယ်ယာကုန်ထုတ်လုပ်ငန်းအသင်းများ ဖွဲ့စည်းနိုင်ရန် မတည်ငွေကျပ်သိန်း ၅၀၀၊ ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် လှူဒါန်းငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်ပြီး တောင်သူများထံ စိုက်ပျိုးရေး နည်းပညာပေးစာအုပ်များကိုလည်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဩဂုတ် ၁

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၂	ကယားပြည်နယ်	၂၇	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၆	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၄	ချင်းပြည်နယ်	၂၄	၁၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၃	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၅	၂၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၉	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၇	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၅	၂၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၂၅	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၅	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၃	၂၁	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၁	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၅	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးအသင့်အတင့်ထစ်ချုန်းရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၅	၂၈	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၁၀၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေအားကောင်းမည်။

2-8 (08).pmd 1 8/2/2011, 1:43 AM

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာ၌ ဒေသခံပြည်သူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

နိုင်ငံသားကတ်ပြား ဝန်ထမ်းများနှင့် တိုက်ရိုက်ဆောင်ရွက် သတ်မှတ်ကာလအတွင်း လျင်မြန်စွာ ထုတ်ပေးရေးစီစဉ်

နေပြည်တော် ဩဂုတ် ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် နှစ်ဆောင်ပြိုင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ဒေသခံပြည်သူများအား ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်နှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် တောင်ငူခရိုင် ဦးစီးဌာနမှူး ဦးခင်မောင်ကျော်က အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာတွင် ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်နှင့် စပ်လျဉ်းသည်များကို ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက မိမိဝန်ကြီးဌာနအနေဖြင့် နိုင်ငံသား အရည်အချင်း ပြည့်မီသူများ၏ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာတွင် သတ်မှတ်ကုန်ကျငွေနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့မှုများ၊ ပြည်သူများကလည်း ကြားပွဲစားများအသုံးပြုဆောင်ရွက်ခြင်းမပြုကြဘဲ ဝန်ထမ်းများနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်ကြရေး၊ လုပ်ငန်းများအောင်မြင်ရေးအတွက်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

မေးမြန်းဆွေးနွေး

ယင်းနောက် ဒေသခံပြည်သူများက လုပ်ငန်းဆောင်ရွက်ရာတွင် မရှင်းလင်းသည့်အချက်များ၊ တွေ့ကြုံရသည့်အခက်အခဲများကို တစ်ဦးချင်း မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာရှိ ဘုရားကြီးစေတီဓမ္မာရုံ၌ မိမိဌာနဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေး အဖွဲ့ဝင်များက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ပဲခူးခရိုင်ဦးစီးဌာနမှူး ဦးစိုးလွင်က ဒေသခံပြည်သူများအား ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ကြိုးပမ်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ပဲခူးမြို့ ဧည့်ရိပ်သာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ ပဲခူးခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအားတွေ့ဆုံကာ မိမိဝန်ကြီးဌာနက ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်အရ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ရာ စတင်ဆောင်ရွက်ခဲ့သည့် ယခုနှစ် ဇူလိုင် ၁ ရက်မှ စတင်၍ ယခုအထိ တစ်လတာကာလအတွင်း ယခင်ကထက် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးမှု (၂)ဆ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှု(၆)ဆ ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ယခုရရှိပြီးသား အောင်မြင်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရင်း စေတနာအရင်းခံဖြင့် အများအယွင်းမရှိစေဘဲ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးကြရန်နှင့် လာဘ်ပေးလာဘ်ယူမှု မရှိစေရေးအတွက်လည်း ဂရုပြုဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားခဲ့သည်။ **(သတင်းစဉ်)**

ထန်တလန်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ချင်းပြည်နယ်ဝန်ကြီးချုပ် စစ်ဆေး

နေပြည်တော် ဩဂုတ် ၁

ချင်းပြည်နယ် ဟားခါးမြို့ ၂၀၁၁ ခုနှစ် နဝမအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၇ နာရီခွဲတွင် ရုန်းတောင်ကုန်း၌ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း တက်ရောက်၍ မိုင်းဘောပင်ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုး

ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၇၅၀ တို့က ရေသင်းဝင်ပျိုးပင် ၁၂၀၀၊ ယူကလစ်ပျိုးပင် ၆၀၀၊ မိုင်းဘောပင် ၄၀၀ နှင့် ချယ်ရီပျိုးပင် ၃၀၀ စုစုပေါင်း ပျိုးပင် ၂၅၀၀ ကို စိုက်ပျိုးကြသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ထန်တလန်မြို့အဝင် ရှုခင်းသာပြုလုပ်ရန် မြေနေရာကိုလည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောက်လုပ်မည့်မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ထန်တလန်မြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ပေးအပ်

ယင်းနောက် ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးကျောင်းသို့သွားရောက်၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ထန်တလန်မြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၆:၃၀	ပဌာန်းပါဠိတော်+မေတ္တသုတ်
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၃)
၇:၃၀	FIFA U-20 World Cup Colombia 2011 (Argentina Vs England) (Live)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၅)
၁၀:၂၀	MRTV-4 7th Anniversary Live Show [Day I(Part-1)]
၁၁:၀၅	ဒါနရှင့်တို့သင်းကာဆောင် တောင်စွန်းမြို့မှ သော်ကမြောင်
၁၁:၂၀	မဟာဂန္ဓာရုံကျောင်းတိုက်မှ အလှူဒါန (အမရပူရမြို့)
၁၁:၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀	အားကစားနှင့်ဆက်နွယ်သော ပခုံးအဆစ်ထိခိုက်ဒဏ်ရာရခြင်း ကျန်းမာရေးဟောပြောပွဲ (Raffles Hospital)
၁၂:၁၅	သင်ကြားရေးလမ်းညွှန် (Spectrum International the Institute of Holistic Learning)
၁၂:၄၀	အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ… (စစ်ကိုင်းတိုင်းဒေသကြီး ရေဦး)
၁:၀၀	**အရှာပြင်ပါ** တရားတော် (ဆရာတော် ဘဒ္ဒန္တဝေပုလ္လဓောတိ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	အသည်းအစားထိုး ကုသခြင်း အကြောင်း (ဒေါက်တာခင်မောင်ဝင်း)
၂:၄၀	Cartoon Show Time
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၃)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၅)
၄:၅၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **လာထား အာသွား -၂**
၅:၁၅	Activities in the City [8 Days A Week ဂျာနယ် (၂)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနား]
၅:၂၅	The Champion of Dance
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၄)
၇:၀၀	MRTV-4 7th Anniversary Live Show [Day I(Part-2)]
၈:၀၀	MRTV-4 သတင်း
၈:၃၀	Celebrity Choice (သဥ္ဇာနွယ်ဝင်း)
၉:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၆)
၁၀:၂၀	FIFA U-20 World Cup Colombia 2011 (Mexico Vs Korea DPR) (Delay)
၁၂:၀၅	**ရင်နှစ်ပန်းတို့လန်းစေချင်** ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)]
၁၂:၁၅	မြန်မာအက္ခရာအသုံးပြုနိုင်သော… CDMA Mobile Phone
၁၂:၃၀	Man And the Elephant (အပိုင်း-၁)
၁၂:၅၀	ဒစ်ဂျစ်တယ်အလှကမ္ဘာ
၁:၀၅	နှယ်ဥ်ဆန်းထွင် သစ်သီးအလှဆင် (အရံဟင်းလျာအလှဆင်နည်း)
၁:၂၅	ရေသန့်ဆိုသည်မှာ…
၁:၄၀	ဓာတ်ကြွင်းအာနိသင်ကင်းစေဖို့ တမာပိုးသတ်ဆေးသုံးကြစို့
၂:၀၀	FIFA U-20 World Cup Colombia 2011 (Brazil Vs Austria) (Delay)
၃:၄၅	ခရီးတစ်ထောက်နားခိုစရာ
၃:၅၀	ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့ တောင်စွန်းမြို့ဦး ပရဟိတ လူငယ်စောင့်ရှောက်ရေးဌာန
၄:၁၀	ရေးမူလက်ရာ လှေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ
၄:၂၀	အလှဆင်စရာ ပရိဘောဂကမ္ဘာ (ပစ်တိုင်းထောင်ပရိဘောဂ)
၄:၃၀	FIFA U-20 World Cup Colombia 2011 (France Vs Korea Republic) (Live)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး သင်တန်းဆင်းပွဲ အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည် ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၄၃/၄၄)၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၇၃/၇၄)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၃) သင်တန်းများဆင်းပွဲ အခမ်းအနားသို့တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အပေါ်ယာပုံ)** ထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါသင်တန်းများသို့ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သင်တန်းသူ ၁၁၆ ဦး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ သင်တန်းသူ ၂၂ ဦး စုစုပေါင်း သင်တန်းသူ ၁၃၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် လေ့ကျင့်ရေးကျောင်းအိပ်ဆောင်များ၊ ဌာနများ၊ စားရိပ်သာနှင့် နှစ်ရှည်သီးနှံ၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၌ ကျောင်းသားများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဒုတိယဝန်ကြီးသည် ဇူလိုင် ၃၀ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ရှိ စက်မှုလက်မှုပညာ သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသားများနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ သင်တန်းသားများ၏ လက်တွေ့ဆောင်ရွက်နေမှုများ၊ အိပ်ဆောင်၊ စားရိပ်သာ၊ သင်တန်းခန်းမ၊ အလုပ်ရုံနှင့် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ရှိ ဝန်ကြီးဌာန၏ လုပ်ငန်းများ ပို့ဆောင်ရေးဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဌာနပိုင်သင်္ဘောကျင်းများနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်များ၊ မန္တလေးမြို့ ဆိပ်ကမ်းနှင့် ဧရာဝတီမြစ် ရေလမ်းကြောင်း ထိန်းသိမ်းဆောင်ရွက်ထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ပံ့ပိုးကူညီ

ထို့နောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေး သင်္ဘောကျင်း အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ခရီးသွားလာနိုင်ရန် အစဉ်အလေးထား ဆောင်ရွက်ရေး၊ ဝန်ဆောင်မှုနှင့် စစ်ဆေးကြပ်မတ်ပေးရန် တာဝန်ရှိသည့် အဖွဲ့အစည်းများအနေဖြင့် စနစ်တကျ အလေးထားဆောင်ရွက်ရေး၊ မလိုလားအပ်သော အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်ပွားစေရေး၊ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် စိတ်ဓာတ်၊ စည်းကမ်းရှိရှိ ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာဂီတ

ကမ္ဘာကျော်အဆိုတော် အေဗရယ်လာဗင်း၏ ဂီတကမ္ဘာ

မြင့်မောင်စိုး ရေးသားသည်

အော့တဝါ ဩဂုတ် ၁

ကမ္ဘာကျော်တဲ့ ကနေဒါအဆိုတော်တွေထဲမှာ အေဗရယ်လာဗင်း(Avril Lavigne)(**ဝဲပုံ**)လည်း အပါအဝင်ဖြစ်ပါတယ်။ ကနေဒါနိုင်ငံက အွန်တာရီယိုပြည်နယ်မှာရှိတဲ့ ဘီလီဗီလီမြို့ဆိုတာ သူမရဲ့ဇာတိပါ။ သူမရဲ့အဖေ ဂျင်းကလောဒီလာဗင်းက ပြေီလရဲ့အမည်ကို အစွဲပြုပြီးတော့ ပြင်သစ်စကားလုံး အေဗရယ် (Avril) ကို အမည်ပေးခဲ့တာဖြစ်ပါတယ်။

သူမငယ်ငယ်ကတည်းက မိဘတွေက ဂစ်တာတွေ၊ ပုံတွေနဲ့ သူ့ကိုဆော့ကစားစေခဲ့တာကြောင့် အရွယ်ရောက်လာတဲ့အခါမှာတော့ သူဟာတကယ်ပဲ ကမ္ဘာကျော်အဆိုတော်တစ်ယောက်ဖြစ်လာခဲ့ပါတယ်။ သူမဟာအသက် ၁၆ နှစ်မှာပဲ ဂီတလောကထဲ စတင်ဝင်ရောက်ခဲ့ပြီး အရီစတာ (Arista) လို့ ခေါ်တဲ့ တေးသံသွင်းက တေးအယ်လ်ဘမ် နှစ်ခုထုတ်ဖို့ စာချုပ်ခဲ့ပါတယ်။

တွန်းပို့ပေး

အေဗရယ်လာဗင်းရဲ့ အသက် ၁၇ နှစ်ပြည့်တဲ့ ၂၀၀၂ ခုနှစ်မှာပဲ Let Go လို့ အမည်ရတဲ့ တေးအယ်လ်ဘမ် စထွက်ခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ ကမ္ဘာတစ်ဝန်း ရောင်းချမှု နှစ်သန်းကျော်ခဲ့ပါတယ်။ ဒီ Let Go တေးအယ်လ်ဘမ်က သူမကို အသက်အငယ်ဆုံး၊ အောင်မြင်မှုအရဆုံး အဆိုတော်အဖြစ် တွန်းပို့ပေးလိုက်ပါတယ်။

ဒီတေးအယ်လ်ဘမ်ဟာ အလွန်လူကြိုက်များခဲ့ပြီး ၂၀၀၉ ခုနှစ်အထိ ကမ္ဘာတစ်ဝန်း ရောင်းချရမှုမှာ တေးအယ်လ်ဘမ်ပေါင်း ၁၆ သန်း အထိ ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။ အေဗရယ်လာဗင်းရဲ့ Under My Skin လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ကိုတော့ ၂၀၀၄ ခုနှစ်မှာ ထွက်ရှိခဲ့တာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာလည်း အမေရိကန် Billboard 200 စာရင်းမှာ နံပါတ်တစ်အရောင်းရဆုံး တေးအယ်ဘမ်ဖြစ်ခဲ့ပြီး ကမ္ဘာတစ်ဝန်း တေးအယ်လ်ဘမ်ပေါင်း ၁၀ သန်းကျော် ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။

တတိယမြောက်အယ်လ်ဘမ်ဖြစ်တဲ့ The Best Damn Thing အယ်လ်ဘမ်ဟာလည်း အလွန်လူကြိုက်များခဲ့ပြီး ၂၀၀၇ ခုနှစ်မှာ ထွက်ရှိခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ အမေရိကန်မှာရော ဗြိတိန်နိုင်ငံမှာပါ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။

ကြိုးစားနေ

သူမရဲ့ စတုတ္ထမြောက် စတူဒီယိုအယ်လ်ဘမ်ကိုတော့ Goodbye Lullaby လို့ အမည်ပေးထားပြီး ယခုနှစ်မတ်လက ထွက်ရှိခဲ့တာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာလည်း ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ် ဖြစ်ခဲ့ပါတယ်။ အေဗရယ်လာဗင်းဟာ အဆိုတော်ဖြစ်တဲ့ အချိန်ကစပြီး ယနေ့အထိ တေး အယ်လ်ဘမ်ပေါင်း သန်း ၃၀ အထိ ကမ္ဘာတစ်ဝန်းရောင်းချနိုင်ခဲ့တဲ့ ကမ္ဘာကျော်အဆိုတော်ဖြစ်ပါတယ်။ သူမရဲ့ " I'm With You" , "My Happy Ending", "Girlfriend", "Complicated" အစရှိတဲ့ တေးသီချင်းတွေဟာ လူငယ်ပရိသတ်များအကြား အလွန်လူကြိုက်များခဲ့တဲ့ သီချင်းတွေဖြစ်ပါတယ်။ သူမဟာ ယခုအခါမှာတော့ ပဉ္စမမြောက် တေးအယ်လ်ဘမ်ထွက်ရှိဖို့ ကြိုးစားနေကြောင်း သိရပါတယ်။ **ကိုးကား-အင်တာနက်**

MTV ဗီဒီယိုတေးဂီတဆုပေးပွဲ ကမ္ဘာကျော်အဆိုတော် အဒေလီ ဖျော်ဖြေမည်

လန်ဒန် ဩဂုတ် ၁

ယခုနှစ် MTV ဗီဒီယိုတေးဂီတဆုပေးပွဲမှာ ကမ္ဘာကျော်အဆိုတော် အဒေလီ (Adele)(**အောက်ပုံ**) ဟာ နာမည်ကြီး အမေရိကန်အဆိုတော်များဖြစ်ကြတဲ့ ခရစ်ဘရောင်း (Chris Brown)၊ အယ်လ်လီဝိန်း (Lli Wayne) တို့နဲ့အတူ ပါဝင်သီဆိုဖျော်ဖြေမယ်လို့ သိရပါတယ်။ ဗြိတိသျှအဆိုတော် အဒေလီဟာ ဒီဆုပေးပွဲမှာ ပထမဆုံးအကြိမ် ဖျော်ဖြေမှာဖြစ်ပါတယ်။

ရောင်းအားအကောင်းဆုံး

MTV ဗီဒီယိုတေးဂီတဆုပေးပွဲကို လာမယ့် ဩဂုတ် ၂၈ ရက်မှာ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီတေးဂီတဆုဟာ ကမ္ဘာတစ်ဝန်း အကျော်ကြားဆုံးနဲ့ တေးအယ်လ်ဘမ် ရောင်းအားအကောင်းဆုံး အဆိုတော်တွေကို ဂုဏ်ပြုပေးအပ်တဲ့ဆုဖြစ်ပါတယ်။

ရေပန်းစားနေ

ဒီ MTV ဗီဒီယိုတေးဂီတဆုပေးပွဲမှာ ကမ္ဘာကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ ကေတီပယ်ရီ (Katy Perry) ဟာ ဆန်ခါတင်အဆိုတော် ကိုးဦးရွေးချယ်ထားရာမှာ ဆုသုံးဆုဆွတ်ခူးနိုင်မယ်လို့ တစ်ပြေးနေသူ ဖြစ်ပါတယ်။ သူမဟာ တစ်နှစ်တာအကောင်းဆုံး ဗီဒီယိုဆု၊ အကောင်းဆုံး ပေါ့ပ်ဗီဒီယိုဆုနဲ့ အကောင်းဆုံး အထူးပြုလုပ်ချက်ဆုတွေ ဆွတ်ခူးနိုင်လိမ့်မယ်လို့ ရေပန်းစားနေပါတယ်။

ပေါ့ပ်အဆိုတော် အဒေလီနဲ့ ကန်ရီဝက်စ် (Kanye West) တို့ဟာလည်း MTV ဆု ဆွတ်ခူး နိုင်လိမ့်မယ်လို့ ရေပန်းစားနေတဲ့ အဆိုတော်တွေထဲမှာ ပါဝင်ပါတယ်။ ဒါ့အပြင် အခြားအဆိုတော်တွေဖြစ်တဲ့ လေဒီဂါဂါ၊ ဘီယွန်ဆေးနဲ့ ဘရူနိုမားစ် တို့ဟာလည်း MTV ဗီဒီယိုတေးဂီတဆု ဆန်ခါတင်စာရင်းမှာ ထည့်သွင်းထားတာ တွေ့ရပါတယ်။ ယခုနှစ်ထဲမှာ ပေါ့ပ်အဆိုတော်တွေဖြစ်ကြတဲ့ အဒေလီနဲ့ လေဒီဂါဂါတို့ဟာ တေးအယ်လ်ဘမ်သစ်တွေထွက်ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်း ရောင်းအားအကောင်းဆုံးအဆိုတော်တွေ ဖြစ်ခဲ့ပါတယ်။ အဒေလီက 21 လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ထွက်ရှိခဲ့သလို လေဒီဂါဂါကလည်း Born this Way လို့ အမည်ရတဲ့ တေးအယ်လ်ဘမ် ထွက်ရှိခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်တွေဟာ ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်များ ဖြစ်ခဲ့ပါတယ်။ ။ **ကိုးကား-အင်တာနက်**



နိုင်ငံတကာအားကစား

ဂျာမနီတစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆု ဂိုးသမားမင်နူရယ်နူရာ ရွေးချယ်ခံရ

ဘာလင် ဩဂုတ် ၁

ဂျာမနီနိုင်ငံ၏ ၂၀၁၁ ခုနှစ် အကောင်းဆုံးဘောလုံးသမားအဖြစ် ဂျာမန်လက်ရွေးစင်ဘောလုံးအသင်းမှ ဂိုးသမား မင်နူရယ်နူရာ(**အောက်ပုံ**)အား ပြည်တွင်းအားကစား မီဒီယာများက ဇူလိုင် ၃၁ ရက်၌ ရွေးချယ်ခဲ့ကြသည်။

ရွေးချယ်ခဲ့

မင်နူရယ်နူရာအား ဂျာမန်အားကစားမီဒီယာများက မဲပေါင်း ၂၁၀ ဖြင့် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ တစ်ဖန် ဘေယန်မြူးနစ်အသင်းမှ မာရီယိုဂိုမက်ဇ်က မဲ ၁၉၀ ဖြင့် ဒုတိယရရှိပြီး ဒေါ့မွန်ကလပ်မှ နူရီဆာဟင်က ၁၄၂ မဲဖြင့် တတိယရရှိခဲ့သည်။

ပြောင်းရွှေ့

ဂျာမနီနိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုကို ကစ်ကာစပို့စ်မဂ္ဂဇင်းက ကြီးမှူးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခံရသည့် မင်နူရယ်နူရာသည် ဘေယန်မြူးနစ်အသင်းမှ ရှော်ကေးအသင်းသို့ ပြီးခဲ့သည့်လက ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ **(အင်တာနက်)**



တောင်ကိုရီးယားမှ ပက်ချူယောင် လီဗာပူးအသင်းခေါ်ယူမည်

လန်ဒန် ဩဂုတ် ၁

ပြင်သစ်ကလပ်အေအက်စ်မိုနာကိုအသင်းမှ တောင်ကိုရီးယားတိုက်စစ်မှူး ပက်ချူယောင်အား ပြောင်းရွှေ့ကြေးပေါင်ခြောက်သန်းဖြင့် လီဗာပူးကခေါ်ယူရန် စီစဉ်နေပြီဖြစ်ကြောင်း လီဗာပူးကလပ်က ဇူလိုင် ၃၁ ရက်၌ သတင်းထုတ်ပြန်သည်။

ရောက်ရှိလာ

အသက် ၂၆ နှစ်အရွယ်ရှိ ပက်ချူယောင်(**အပေါ်ပုံ**)သည် တောင်ကိုရီးယားကလပ် အက်ဖ်စီဆိုးလ်အသင်းမှ မိုနာကိုအသင်းသို့ ၂၀၀၈ ခုနှစ်၌ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။

ဆန္ဒပြင်းပြ

လောလောဆယ်တွင် မိုနာကိုကလပ်နှင့် ၂၀၁၃ ခုနှစ်အထိ စာချုပ်ချုပ် ဆိုထားသည်။ တိုက်စစ်မှူး ပက်ချူယောင်အား ဂျာမန်ကလပ် ရှော်လ်ကေးအသင်းကလည်း ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ သို့သော် ပက်ချူယောင်က လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒပြင်းပြလျက်ရှိသည်။

(အင်တာနက်)

မောင်မောင်မြင့်ဆွေ-စုစည်းသည်

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် အိမ်ရှင်ကိုလံဘီယာတို့ ပြင်သစ်ကို လေးဂိုးသွင်းအနိုင်ယူ

ဘိုဂိုတာ ဩဂုတ် ၁

အသက် ၂၀ အောက် (ယူ-၂၀)ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကိုလံဘီယာနိုင်ငံ၌ ဩဂုတ် ၁ ရက်က ဆက်လက်ကျင်းပရာ အုပ်စု(က)မှ အိမ်ရှင်ကိုလံဘီယာနှင့် ပြင်သစ်တို့ပွဲတွင် ကိုလံဘီယာအသင်းက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။(အောက်ပုံ)

အိမ်ရှင်ကိုလံဘီယာအသင်းသည် တစ်ဦးချင်းနှင့် အသင်းလိုက်အချိတ်အဆက်မိမိ ကစားနိုင်ခဲ့သဖြင့် ပြင်သစ်အသင်းကို အပေါ်စီးမှ ထိန်းချုပ်ကစားနိုင်ခဲ့သည်။ သို့သော်အဖွင့်ဂိုးကို ပြင်သစ်အသင်းမှ ဆူနူကပွဲချိန် ၂၁ မိနစ်၌ သွင်းယူပေးနိုင်ခဲ့သည်။

သွင်းယူနိုင်



ကိုလံဘီယာအသင်း ချေပဂိုးရရှိရေး ကစားအားတင်ခဲ့ရာမှ ပွဲချိန်မိနစ် ၃၀ ၌ ရိုဒရီကွက်စ်က ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့နောက် ကိုလံဘီယာတို့ အနိုင်ဂိုးများသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် ၄၈ မိနစ်နှင့် ၆၆ မိနစ်တို့၌ မူရယ်ကနှစ်ဂိုးသွင်းယူပြီး ပွဲချိန် ၆၄ မိနစ်၌ အာရက်စ်ကို တစ်ဂိုးသွင်းယူခဲ့သဖြင့် ကိုလံဘီယာတို့ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

နိုင်ပွဲရရှိ

အုပ်စု(က)မှ နောက်ပွဲစဉ်တစ်ပွဲဖြစ်သည့် တောင်ကိုရီးယားနှင့် မာလီတို့ပွဲတွင် တောင်ကိုရီးယားက နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တောင်ကိုရီးယားအတွက် ဂိုးများကို ပွဲချိန်မိနစ် ၅၀ ၌ ကင်ယောင်ဂျန်က တစ်ဂိုး၊ ပွဲချိန်မိနစ် ၈၀ ၌ ဂျန်ဟွန်ဆိုက ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် တစ်ဂိုးသွင်းယူခဲ့သဖြင့် တောင်ကိုရီးယားတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ အုပ်စု(ခ)မှ ကင်မရွန်းနှင့်နယူးဇီလန်တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး အုပ်စု(ခ)မှ ပေါ်တူဂီနှင့် ဉရုဂွေးတို့ပွဲတွင်လည်း ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ **(အင်တာနက်)**

လယ်ယာထုတ်ကုန်တိုးတက်ရေး ရှင်းလင်းဆွေးနွေး

ပျဉ်းမနား ဩဂုတ် ၁

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာအုပ်စုနှင့် သစ်လေးလုံးကျေးရွာအုပ်စု လယ်ယာထုတ်ကုန်အသင်းတို့၏ အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသားများအား သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲကတွေ့ဆုံ၍ လယ်ယာထုတ်ကုန်တိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် သမဝါယမဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။ (၄၀၄)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင် Retail Business Management သင်တန်းဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

Retail Business Management သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံ Department of Export Promotion (DEP), Ministry of Commerceတို့ ပူးပေါင်း၍ Retail Business Management သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ရက် နံနက် ၉နာရီက ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး ပထမထပ်ခန်းမ၌ကျင်းပရာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apirath Vienravi၊ ထိုင်းနိုင်ငံ Department of Export Promotion မှ Director, Ms. Karnchana Theparuck ၊ ကုန်သည်/စက်မှု အသင်းချုပ်မှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကုမ္ပဏီများမှ သင်တန်းသား ၁၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ထိုင်းနိုင်ငံ Department of Export Promotion (DEP)မှ ကျွမ်းကျင်ပညာရှင်များက Retail Business Management ဘာသာရပ်များကို ဇူလိုင် ၂၂ရက်အထိ ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ပန်းတင်ကျေးရွာ မူလတန်းကျောင်း၌ အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁၃ ရက်က ကျင်းပရာ အခမ်းအနားတွင် ဦးဇော်မိုးအေးက လှူဒါန်းငွေကျပ် ၂၃ သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်နွဲ့အား ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း ညောင်ဦး၌ သရုပ်ပြပွဲကျင်းပ

ညောင်ဦး ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်လျှပ်စစ်မြစ်ရေတင်ဧရိယာ လက်ပန်ခြေပေါ်အုပ်စု အုန္နချောင်းကျေးရွာ တောင်သူ ဦးခင်မောင်ဌေး၏ ကွင်းအမှတ် (၁၃၂၆က)၊ ဦးပိုင်အမှတ် (၂၃၉) ရှိ လယ်မြေသုံးဧကတွင် မျိုးစေ့အလေအလွင့်နည်းစေရန်နှင့် ပျိုးပင်ဘဝတွင် ကြီးထွားမှုအားကောင်းစေရန် သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်နည်း သရုပ်ပြပွဲကို ဇူလိုင် ၂၆ရက်က ကျင်းပသည်။

ကြည့်ရှုလေ့လာ

အဆိုပါအခမ်းအနားတွင် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးသန်းအောင်၊ ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးကျော်မြင့်၊ ခရိုင်နှင့်မြို့နယ် လယ်ယာထွက်ကုန် တိုးတက်မြင့်မားရေးကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများ၏ သရုပ်ပြစိုက်ပျိုးမှုကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

သစ်ပင်စိုက်ပျိုးပွဲ ဖလမ်း၌ ကျင်းပ

ဖလမ်း ဩဂုတ် ၁

ဖလမ်းမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက တလန်လိုရပ်ကွက် စမ်းရေထွက် အမှတ်(၂) ပတ်ဝန်းကျင်၌ကျင်းပရာ ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းတို့ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူတို့က ထောပတ်၊ စိန်ပန်း၊ ထင်းရှူး၊ ရေသင်းဝင်၊ ချယ်ရီနှင့် သရက္ခန် စသည့် ပျိုးပင် ၄၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

လှိုင်သာယာမြို့နယ် FMI CITY သစ်ခွဥယျာဉ်အိမ်ရာ ဗန်ဒါသစ်ခွလမ်းသွယ် အမှတ် (O-25) နေ (ကာတွန်း) ဦးမောင်မောင်-ဒေါ်ခင်ထားမြင့် မိသားစုနှင့် LIM JIT PENG (BRYAN)-ဒေါ်မျိုးမွန် မိသားစုတို့က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ် (၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ခြောက်သိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေနှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

ပုသိမ် ဩဂုတ် ၁

သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ပုသိမ်မြို့ အမှတ် (၁၅) ရပ်ကွက်၌ ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားတွင် ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ၊ အမှတ် (၁၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ငါးခုံးမကြီးကောင်ရေ ၇၅၀၀၀၀ ကို ရပ်ကွက်အတွင်းရှိ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ထွေ/အုပ်ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ရွှေကူမြို့နယ်၌ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

ရွှေကူ ဩဂုတ် ၁

ရွှေကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် ညနေ ၃ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ **(အောက်ပုံ)**၊ ဒုတိယဦးစီးမှူး ဦးဝင်းသက်လင်းတို့က ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ငွေကျပ် ၂၉၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေမြောင်းများတူးဖော်

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၂၁ ရက်က ရေမြောင်းများတူးဖော်နေမှုကို ဒုတိယဦးစီးမှူး ဦးဦးဘစောနှင့် ဈေးတာဝန်ခံ ဦးမောင်မောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

အမှိုက်ပုံအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ရွှေကူမြို့အမှတ်(၄)ရပ်ကွက်အတွင်း မြို့မဈေးကြီးဘေးလမ်း အထက(၁) ကျောင်းရှေ့ရှိ အမှိုက်ပုံ၏အနံ့ဆိုးကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ အဆိုပါအမှိုက်ပုံကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ဇီးကုန်းမြို့ ကုန်သည်လမ်းမကြီး ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ရှိ ကုန်သည်လမ်းမကြီးသည် ချိုင့်ခွက်များဖြစ်နေပြီး မိုးရွာလျှင် ရေအိုင်ကြီးများဖြစ်နေသောကြောင့် သွားလာရန်အခက်အခဲဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ပြုပြင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဇီးကုန်းမြို့သား

စည်းကမ်းမဲ့ဈေးသည်များ ရှင်းလင်းပြီးဖြစ်

၁၁-၇-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **သန်လျင်မြို့ လက်ယက်စမ်းကျေးရွာအုပ်စု ထားမလုံဈေးလမ်းပေါ်ရှိ စည်းကမ်းမဲ့ဈေးသည်များနှင့် ဆိုင်ကယ်ကယ်ရီများအား ကြပ်မတ်ပေးပါ** ပေးစာနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

အနံ့ဆိုးထွက် မုန့်ဟင်းခါးစက်အား ကြပ်မတ်ဆောင်ရွက်ပြီး

၂၉-၇-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက် သတိပဋ္ဌာန်လမ်းရှိ မုန့်ဟင်းခါးစက်မှထွက်ရှိသော အညစ်အကြေးနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုကြပ်မတ်ဆောင်ရွက်ပေးပါရန်** ပေးစာနှင့်ပတ်သက်၍ အညစ်အကြေးနှင့် အနံ့ဆိုးများမထွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ပါမောက္ခ ဒေါက်တာမောင်မောင်ဝင်း(ဌာနမှူး၊ ငြိမ်း၊ ဓာတုအင်ဂျင်နီယာဌာန၊
ရန်ကုန်စက်မှုတက္ကသိုလ်)-ဒေါက်တာငြိမ်းငြိမ်းဝင်း(မြတ်သုခဆေးခန်း)တို့၏ သားငယ်
မောင်မောင်ဖြိုး
B.Eng (Hons:) Electrical & Electronic
University of Lincoln (UK)
M.Eng Telecommunications (Asian Institute of Technology)
Project Engineer, Elid Technology International Pte., Ltd.
(Singapore)
နှင့်
ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ
ဦးအောင်မျိုးထွန်း-ဒေါ်ဌေးဌေးဝင်း (ကထိက၊ ငြိမ်း၊ ဓာတုဗေဒဌာန၊
ဗိုလ်တထောင်တက္ကသိုလ်)တို့၏ သမီးကြီး
ဒေါက်တာ ခိုင်မြင့်သူ
အလုပ်သင်ဆရာဝန် (ဗဟိုအမျိုးသမီးဆေးရုံ)
တို့သည် ၃၀-၇-၂၀၁၁ရက်တွင် Central Hotel (Ruby House)၌ နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မောင်ဖြိုး-ဒေါက်တာခိုင်မြင့်သူ

အမည်ပြောင်း
ဦးအောင်အောင်၏သားများ အထက-၂ သထုံ၊ န၀မတန်းမှ မောင်အောင်ခိုင်ဖြိုးအား မောင်ရဲလင်းထွဋ်ဟုလည်းကောင်း၊ မောင်အောင်ခိုင်မိုးအား မောင်ရဲလင်းထက်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။
မောင်ရဲလင်းထွဋ်၊ မောင်ရဲလင်းထက်





ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ ကက်သစ်ပြကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊န၀မတန်းတွင် ပညာသင်ကြားနေသောကျောင်းသူ မဖြူဇင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင်ဖြစ်ပါသည်။ **ဦးကျော်လွင်**
၅/ဟမလ(နိုင်) ၀၂၆၈၈၅

ပျောက်ဆုံးကြောင်း
ကျွန်တော်မောင်အောင်မိုးကျော်၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်၅၈၈၃၈၅ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **(ကျေးဇူးဆပ်ပါမည်)**
ဖုန်း-၀၉-၄၃၀၆၅၂၆၄

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာ၊ ရပ်ကွက်(၃)၊ အိမ်အမှတ်(၃၉)နေ ကျွန်တော်၊ ကျွန်မတို့၏သား မောင်စောနိုင် ၅/ရဘန(နိုင်)၁၃၁၁၀၆ သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
ဦးစိန်ထွန်း(ခ)ဦးနက်-ဒေါ်ရီရီဝင်း

ကံထူးရှင်ပေါ်ထွန်း
ရန်ကုန် ဩဂုတ် ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၇၁)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း (၁၀၀၀)ဆု
ဘ-၉၈၉၀၁၂

ကျပ်သိန်း (၅၀၀)ဆု
ဇ-၈၈၄၄၆၈

ကျပ်သိန်း (၃၀၀)ဆုများ
ဖ-၃၈၉၉၂၀ ဒ-၁၇၆၆၅၅

ကျပ်သိန်း (၂၀၀)ဆုများ
စ-၄၀၃၆၃၃ ဒ-၆၆၄၇၇၀
ခ-၅၄၅၇၅၈ တ-၅၅၃၂၁၀

ကျပ်သိန်း (၁၀၀)ယူနစ်
(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ
ဈ-၂၅၆၀၁၀ ပ-၈၆၇၂၅၉
တ-၉၆၄၄၂၆ န-၅၇၄၀၈၂
ဋ-၃၃၇၈၉၈ ခ-၈၃၂၀၄၄
ဋ-၈၉၈၉၁၉ ဂ-၉၁၇၆၉၇
ထ-၇၄၀၀၁၃ င-၅၄၂၈၆၀
ဆ-၄၉၄၈၀၆ ဓ-၄၁၉၆၁၅
ဂ-၁၁၇၁၀၂ န-၃၇၁၆၂၄

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသပ်ရပ်သာယာလှပစေရန် မြေယာရှင်းတစ်ခုကို ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် မြ၀တီလမ်းဆုံတွင် ဆောင်ရွက်ထားရှိစဉ်။ (မြို့နယ်စည်ပင်)

ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ပတ္တမြားလမ်းကတ္တရာလမ်းသစ်ကို ဇူလိုင် ၉ ရက်က ကလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဌေးဝင်းတို့ ရှင်းလင်းတင်ပြကြစဉ်။
(မြို့နယ် ပြန်/ဆက်)

အမည်ပြောင်း
ဦးမြင့်ဆန်း၏သား ဒေးဒရဲမြို့နယ်၊ သဲကုန်းကလေးကျေးရွာ၊ အလက(ခွဲ) စတုတ္ထတန်းမှ မောင်လင်းထက်နိုင်အား ယနေ့မှစ၍ မောင်ထက်ရှိုင်းဟုပြောင်းလဲခေါ်ပါရန်။ **မောင်ထက်ရှိုင်း**

တစ်ဦးတည်းဖြစ်ကြောင်း
ဦးဖေသန်း၏သား၊ သံဖြူဇရပ်မြို့၊ ကြံခိုင်ရေးရပ်ကွက်၊ နှင်းဆီလမ်းနေ ဦးတင်ဝင်းနှင့် ဦးစောထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးတင်ဝင်း(ခ)ဦးစောထွန်း
၁၀/သဖရ(နိုင်)၀၁၀၁၉၃

ဖခင်အမည်မှန်
မန္တလေးမြို့၊ အထက(၂၃) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဝေဖြိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ မင်းတိုင်ပင် အထက စတုတ္ထတန်း(A)မှ မစုစန္ဒီဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ထွန်း ၅/ပလန(နိုင်)၀၀၇၈၈၅ ဖြစ်ပါသည်။ **ဦးဝင်းဇော်ထွန်း**
၅/ပလန(နိုင်)၀၀၇၈၈၅

ကွာရှင်းပြတ်စဲကြောင်းအများသိစေရန်ကြေညာခြင်း
ကျွန်တော်မောင်အောင်အောင်မွေး ၁၂/သလန(နိုင်)၁၀၄၅၁၁နှင့် ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ အောင်မင်္ဂလာ(၄)လမ်း၊ အိမ်အမှတ် ၃၉၂နေမပြုံးမို့မို့အေး ၁၂/ကတန(နိုင်)၀၈၀၅၂၂တို့သည် ၂၉-၇-၂၀၁၁ ရက်တွင် သန်လျင်မြို့နယ်တရားရုံး တွဲဖက်မြို့နယ်တရားသူကြီးရှေ့မှောက်တွင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲပြီးပါကြောင်း နောက်နောင် ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
မောင်အောင်အောင်မွေး

အမည်ပြောင်း
ဦးခင်ရှိန်၏သား အမက-၂၊ ကျောက်တံတား၊ ပထမတန်းမှ မောင်သိန်းသန်းသစ်အား ယနေ့မှစ၍မောင်အောင်ပိုင်သစ်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ပိုင်သစ်**

ပျောက်ဆုံးကြောင်း
ဦးဖြူ၏ဇနီး ဒေါ်မြဝင်း၏မိသားစု ပင်စင်စာအုပ်ခွင့်ပြုမိန့်အမှတ် ဘ-၃ (ပစ)/၁၃၁၃ မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၉၄၄၂၄၂

ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများတူးဖော်
ဟုမ္မလင်း ဩဂုတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်ယူခြင်းကို ဇူလိုင် ၂၃ ရက်က အဖွဲ့ဝန်ထမ်းများ၊ ပြည်သူများဖြင့် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။
(အပေါ်ပုံ) (မြို့နယ်စည်ပင်)

အထက(၂) စမ်းချောင်း ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်
ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်း ဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ခုနှစ် ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၂) စမ်းချောင်း စံပယ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာအထက(၂) စမ်းချောင်းမှ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ခုနစ်ဦး၊ ငါးဘာသာ ၂၇ ဦး၊ လေးဘာသာ ၅၉ ဦး၊ သုံးဘာသာ ၂၉ ဦး၊ နှစ်ဘာသာ ၁၉ ဦး၊ တစ်ဘာသာ ၄၇ ဦးတို့အသီးသီး ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။
(မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပြည်မြို့ သီရိခေတ္တရာခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် မိုးစပါးရာသီ စိုက်ပျိုးစရိတ်၊ မျိုးစပါးနှင့် သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ ပြည်ခရိုင် လယ်ယာကုန်ထုတ်ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ခြင်းနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်း

နိုင်ငံတော်က အထူးဦးစားပေးဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်ကြီး(၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇူလိုင် ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးချဌာန(လှည်းကူး)သို့ ရောက်ရှိပြီး ဆန်ကြိတ်ခွဲရေးနှင့် ဆန်စက်ပြင်ဆင်ရေးသင်တန်းများ ဖွင့်လှစ်ရန်၊ ဆန်တွင် မှိုဆိပ်ပါဝင်မှု ရှိ/မရှိကို စစ်ဆေးရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဝန်ထမ်းများအနေဖြင့် တာဝန်နှင့် ဝတ္တရားများကို ရှုပ်ရှုပ်ချွံချွံဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာ လုပ်ငန်းများဆောင်ရွက်မှသာ ဝန်ကြီးဌာန အောင်မြင်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်လည်း အောင်မြင်မှုရရှိမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းတို့သည် ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီတွင် ပြည်မြို့ သီရိခေတ္တရာခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် မိုးစပါးရာသီ စိုက်ပျိုးစရိတ်၊ မျိုးစပါးနှင့် သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ ပြည်ခရိုင် လယ်ယာကုန်ထုတ် ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ခြင်းနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းပေးအပ်ခြင်း စာမျက်နှာ ၈ ကော်လံ ၁ *

သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၅၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁-၈-၂၀၁၁

နေပြည်တော်(လေဆိပ်)	၁ ဒသမ ၅၈ လက်မ
ရေးမြို့	၇ ဒသမ ၆၀ လက်မ
သထုံမြို့	၇ ဒသမ ၄၀ လက်မ
ကျိုက်မရောမြို့	၆ ဒသမ ၉၃ လက်မ
ပလက်ဝမြို့	၅ ဒသမ ၉၁ လက်မ
ဘားအံမြို့	၅ ဒသမ ၄၃ လက်မ
ပေါင်မြို့	၅ ဒသမ ၃၁ လက်မ
မော်လမြိုင်မြို့	၄ ဒသမ ၈၄ လက်မ
ဖြူးမြို့	၄ ဒသမ ၅၃ လက်မ
ချောင်းဆုံမြို့	၃ ဒသမ ၉၈ လက်မ
မုဒုံမြို့	၃ ဒသမ ၈၆ လက်မ
ကော့ကရိတ်မြို့	၃ ဒသမ ၈၂ လက်မ
ရမည်းသင်းမြို့	၃ ဒသမ ၀၁ လက်မ
ကျောက်ပန်းတောင်းမြို့	၂ ဒသမ ၄၆ လက်မ
ချောက်မြို့	၁ ဒသမ ၉၃ လက်မ